ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ စနေနေ့၊ (19-2-2011) (၆၈၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ

ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ

နေပြည်တော်　　ဖေဖော်ဝါရီ　　၁၈

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် (၆၅၈)ဦး ရှိသည့်အနက် (၆၅၄)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၃၉) ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။
(သတင်းစဉ်)

ယနေ့ ကြေးမုံ ဆောင်းပါး အညွှန်း

- **အတ္တကိုယ်ကျိုးစီးပွားအတွက် နိုင်ငံနဲ့ပြည်သူကို ချနင်းစတေးရက်ခဲ့တဲ့အမှားကို ဝန်ချတောင်းပန်ပြီး အချိန်မီပြုပြင်နိုင်ဖို့လို။**
- **ပိတ်ဆို့အရေးယူမှုတွေကြောင့် ပြည်သူကို လုံးဝမထိခိုက်ဘဲ အစိုးရကိုသာ ထိခိုက်စေတာဖြစ်ပါတယ်ဆိုတဲ့ ဝေ့လည်ကြောင်ပတ်စကားမျိုးကိုလည်း လျှာအရိုးမရှိတိုင်း လွယ်လွယ်ပေါ့ပေါ့ မပြောသင့်။**
- **ခေတ်ပြောင်း စနစ်ပြောင်းကာလတစ်ခုမှာ အနာဂတ်ခရီးကို ပိတ်ဆို့အရေးယူမှုကင်းကင်းနဲ့ ခြေလှမ်းသွက်သွက် ခရီးဆက်နိုင်ဖို့ အချိန်တန်နေပြီဖြစ်။**

မောင်မုတ်၏ "ပိတ်ဆို့အရေးယူမှုကင်းကင်းနဲ့ ခြေလှမ်းသွက်သွက် ခရီးဆက်နိုင်ဖို့ အချိန်တန်ပြီ" ဆောင်းပါး (စာမျက်နှာ) ၈၊ ၉

၁၉-၂-၂၀၁၁
(စနေနေ့)

အင်းလေးကန်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းပြုပြင်

အင်းလေးကန်သည် ညောင်ရွှေမြို့နယ်ရှိ တောင်ပေါ်ရေကန်ကြီးဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲများ ကျက်စားရာ သဘာဝရေချိုကန်ကြီးတစ်ခုဖြစ်သည်။ လှပသောအင်းလေးကန်နှင့် ပတ်ဝန်းကျင်ဒေသကို ကမ္ဘာလှည့်ခရီးသည်များ စိတ်ပါဝင်စားလေ့လာကြမြဲဖြစ်သည်။

အင်းလေးကန်သို့ ချောင်းပေါင်းများစွာ စီးဝင်ကြသော်လည်း ရေဝေရေလဲဒေသများ၌ သစ်တောများပြုန်းတီးမှုကြောင့် မိုးရေတိုက်စား၍ ကန်အတွင်းသို့ နုန်းများပို့ချမှု များပြားလာကြောင်း တွေ့ရသည်။ ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ခြင်း၊ ကုန်းမြင့်တောင်စောင်းများတွင် ကွန်တိုအလိုက် မဟုတ်ဘဲ အထက်အောက် ဒေါင်လိုက် ထွန်ယက်စိုက်ပျိုးခြင်း၊ မတ်စောက်သည့် တောင်စောင်းများတွင် သီးနှံသစ်တောရောနှောစိုက်ပျိုးမှုမရှိခြင်းတို့ကြောင့်လည်း မြေဆီလွှာထိန်းသိမ်းမှုကို ထိခိုက်စေပေသည်။

ယခုအခါ အင်းလေးကန်ကြီး မတိမ်ကောစေရေးအတွက် ကန်ဝန်းကျင် ရေဝေရေလဲထိန်းသိမ်းရေးနှင့် မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ဆောင်နေကြပြီ။ ဂေဟစနစ် ရေရှည်တည်တံ့ခိုင်မြဲရေး၊ အင်းလေးကန်သာယာလှပ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာအဖွဲ့အစည်းများ ထိန်းသိမ်းပြုပြင်ဆောင်ရွက်နေကြပြီ။ ရေဝေရေလဲ ဒေသ၌ သစ်တောများ ပြန်လည်ပြုစုစိုက်ပျိုးနေကြပြီ။ သစ်တောသီးနှံရောနှောစိုက်ပျိုးနေကြပြီ။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် အင်းလေးကန် ရေဝေရေလဲဒေသတွင် ၁၉၉၅ ခုနှစ်မှစ၍ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြေဆီလွှာထိန်းသိမ်းရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ညောင်ရွှေ၊ ရွာငံ၊ ကလော၊ ပင်းတယနှင့် ပင်လောင်းမြို့နယ်တို့အတွင်းရှိ ကျေးရွာပေါင်း ခြောက်ရာကျော်တွင် မြေဆီလွှာထိန်းသိမ်းစိုက်ပျိုးနည်းများ လက်တွေ့အကောင်အထည်ဖော်ခဲ့သည်။

ညောင်ရွှေမြို့နယ် အင်းလေးကန်ဝန်းကျင် ကျေးရွာများတွင် စိုက်ပျိုးရေးသွင်းအားစုများ ဖြန့်ဝေနေပြီ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။ ကွန်တိုကန်သင်းကန့်ခြင်း၊ တောင်စောင်းစိုက်ပျိုးခြင်း၊ ရေထုအတွင်း နိုက်ထရိုဂျင်လျော့ပါးစေရန် ပြုလုပ်ခြင်း၊ ဓာတုဗေဒပိုးသတ်ဆေးများအစား သဘာဝပိုးသတ်ဆေးများ အစားထိုးသုံးစွဲရန် ဖြန့်ဝေခြင်း၊ သဘာဝမြေဩဇာအဖြစ် ကြံမြှုပ်ချေးမြေဩဇာကို ဖြန့်ဝေခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နေကြပြီ။

အင်းလေးကန်နှင့်ဒေသဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအရှိန်အဟုန်မြှင့်ဆောင်ရွက်နေခြင်းသည် နိုင်ငံ၏သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုသည်။ ရေဝေရေလဲဒေသ သစ်တော သစ်ပင်များ ပြန်လည်စိုက်ပျိုးရာတွင် ဒေသရာသီဥတုနှင့်ကိုက်ညီပြီး ဝင်ငွေရရှိနိုင်သည့် နှစ်ရှည်ပင်များစိုက်ပျိုးခြင်း၊ ကုန်းမြင့်လယ်ယာများစိုက်ပျိုးခြင်း၊ သဘာဝမြေဆွေး၊ မြေဩဇာ၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများ ပိုမိုထုတ်လုပ်အသုံးပြုခြင်းတို့ဖြင့် အင်းလေးကန်ဒေသဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

မြန်မာ့ဆောက်လုပ်ရေးလမ်းညွှန် ၂၀၁၁ ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈



အဆောက်အအုံများကို တည်ဆောက်ပြုပြင် အလှဆင်ရန်အတွက် သာမက အိမ်ဆောက်ခြင်းနှင့် ပတ်သက်သည့် ကန်ထရိုက်တာ ရွေးချယ်ခြင်း၊ လုပ်ငန်းခွင်တွင် ကံကောင်းစေမည့် အထားအသို တည်ဆောက်ပုံများ၊ လုံခြုံရေးပစ္စည်းများနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး သိကောင်းစရာများ၊ စာချုပ်ချုပ်ဆိုမည့်သူများ သိသင့်သည့်အချက်များ စသည့် အိမ်တစ်အိမ်အတွက် ဖြည့်ဆည်းရမည့် ပစ္စည်းမှန်သမျှ ဆက်သွယ်ဝယ်ယူနိုင်မည့် လုပ်ငန်းအားလုံး၏ လိပ်စာအပြည့်အစုံကို တစ်နေရာတည်းတွင် ရရှိနိုင်သည့် မြန်မာ့ဆောက်လုပ်ရေးလမ်းညွှန်၂၀၁၁ ထွက်ရှိနေပြီဖြစ်သည်။**(အပေါ်ယာပုံ)**

ယင်းလမ်းညွှန်ကို မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် Logistics Media Services Co.,Ltd.မှ ပဉ္စမအကြိမ်မြောက် ထုတ်ဝေခြင်းဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးနှင့် ဆိုင်သောဆောက်လုပ်ရေးလမ်းညွှန်ဖြစ်ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပါအဝင် စီးပွားရေးအချက်အချာမြို့ (၂၂)မြို့တို့၏ လုပ်ငန်းလိပ်စာများကို မြို့အလိုက်ခွဲခြားဖော်ပြထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း အလုပ်ရုံဆွေးနွေးပွဲ ပုလဲမြို့၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန မုံရွာခရိုင် ပုလဲမြို့နယ် မြေစာရင်းဦးစီးဌာန၏ ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၊ စီမံကိန်း နောက်ဆက်တွဲစာရင်း ကောက်ယူခြင်းလုပ်ငန်း(မြို့နယ်အဆင့်) အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီတွင် ပုလဲမြို့နယ် မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပုလဲမြို့နယ် ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး ပုလဲမြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဇေယျသီဟသူက လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နေပြည်တော်ခရိုင် ပျဉ်းမနား အထက(၂) ကျောင်းသား၊ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော်ခရိုင် ပျဉ်းမနား အထက(၂)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နေပြည်တော်ခရိုင် ပျဉ်းမနား အထက (၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါ ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဆရာကန်တော့ပွဲဖြစ်မြောက်ရေးဦးစီးကော်မတီနာယက ဦးသိန်းလွင်က အမှာစကားပြောကြားပြီးဆရာကန်တော့ပွဲဖြစ်မြောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးစောမြင့်ကိုက ကန်တော့ပွဲဖြစ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား နာမကျန်းကူညီစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကြည်ဝေက အဖွဲ့၏ လုပ်ငန်းစဉ်များကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ကြည်က အလှူငွေကောက်ခံရရှိမှုနှင့် သုံးစွဲမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အသက်(၇၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား တပည့်ကျောင်းသားဟောင်းများက ကန်တော့ချိုးဖြင့် ကန်တော့ကြပြီး အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချိုးဖြင့် ညီညာဖြိုကန်တော့ကြကာ ကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။ ယင်းနောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာမကြီး ဒေါ်သိန်းသိန်းချို၊ ဆရာကြီး ဦးမြသန်းနှင့် ဆရာကြီး ဦးရဲမြင့်တို့က ဆုံးမဩဝါဒစကား ပြောကြားခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး စစ်တွေ၌ ပညာပေးဟောပြော

နေပြည်တော် ဖေဖော်ဝါရီ ၁၈

စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၂၆ ရက်တွင် စစ်တွေမြို့နယ် သဲချောင်းလက်သမားကျေးရွာ၊ မင်းဂံကျေးရွာနှင့် ဘုမေကျေးရွာတို့၌ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ပညာပေးဟောပြောပွဲ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးမိုးဇော်စိုးက အဖွင့်အမှာစကား ပြောကြားပြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ရောဂါရှာဖွေရေး၊ ထိန်းချုပ်ရေး သုတေသနဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာချိုချိုစုမွန်နှင့် စစ်တွေခရိုင် ကျန်းမာရေးဦးစီးဌာန ခရိုင်ကျန်းမာရေးမှူး ဦးထွန်းအောင်ကျော်တို့က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများနှင့် ရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ လူသို့ကူးစက်မှု မဖြစ်ပွားစေရန် ကာကွယ်ရေးတို့ကို ပညာပေးဟောပြောကြသည်။ **(အောက်ပုံ)**

အဆိုပါ ဟောပြောပွဲအခမ်းအနားသို့ ကြက်၊ ဘဲ မွေးမြူရေးလုပ်ငန်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



FUTURE STAR Q.T.C က နိုင်ငံတကာအသိအမှတ်ပြု အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

Future Star Quality Training Centre သည် နွေရာသီကျောင်းပိတ်ရက်များ (March, April, May)တွင် (၅) နှစ်မှ (၁၆)နှစ်အတွင်း ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်ကို ကျွမ်းကျင်စွာ လေ့လာသင်ယူနိုင်ရန် Level အလိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

နွေရာသီ သင်တန်းများတွင် Grammar နှင့် Vocabulary ကို အခြေခံ၍ School Text Book and Cambridge English (4 Skills) ကို တစ်ပြိုင်တည်း လေ့လာသင်ယူနိုင်ရန် စီစဉ်ထားသည်။ ကျောင်းသင်ရိုး စာအုပ်မှ အင်္ဂလိပ်သင်ခန်းစာများကို အတန်းအလိုက် လေ့ကျင့်သင်ကြားခြင်းအပြင် Model Essay / Letter ရေးနည်းများကို လည်းကောင်း၊ UK နိုင်ငံမှ Cambridge Exam များ (Starters, Movers, Flyers, KET, PET) တို့ကို လည်းကောင်း ဖြေဆိုနိုင်ရန် အထူးလေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နွေရာသီ သင်တန်းတက်ရောက်သော ကျောင်းသား၊ ကျောင်းသူများ အားလုံး တစ်နှစ်ပတ်လုံး အင်္ဂလိပ်စာကို ဖတ်ရှုလေ့လာနိုင်ရန်အတွက် ဗြိတိသျှကောင်စီက ဖွင့်လှစ်ထားသည့် နိုင်ငံတကာအဆင့်မီစာကြည့်တိုက် အသင်းဝင်ကြေး တစ်နှစ်တိတိ အခမဲ့ရရှိမည့်အပြင် ဖေဖော်ဝါရီလအတွင်း အပ်နှံသော ကျောင်းသား၊ ကျောင်းသူများအား ကျောင်းလခ ၁၀ ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်သည်။

နွေရာသီသင်တန်းများအပြင် ကျောင်းချိန်ပြင်ပ စနေ၊ တနင်္ဂနွေ ပုံမှန်သင်တန်းများကို လစဉ်တက်ရောက်နိုင်ကြောင်း၊ နှစ်နှစ်ခွဲမှ ငါးနှစ်အရွယ် ရင်သွေးငယ်များ ဘက်စုံအခြေခံကောင်းများ ရရှိစေရန် နိုင်ငံတကာအဆင့်မီ နည်းပညာသစ်များဖြင့် အင်္ဂလိပ်စာကို အထူးပြု၍ မူလတန်းကြို ဘာသာရပ်အားလုံးကို သင်ကြားပေးလျက်ရှိကြောင်းကိုလည်း သိရသည်။

အသေးစိတ်သိရှိလိုပါက Future Star Quality Training Centre ခြံအမှတ် (၃၃/A) နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၀၅၁ နှင့် ၇၃၀-၂၂၄၄၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၂ရက်က အမက(၂၂) တာမွေ၌ ကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားနှင့် မာလ်တီမီဒီယာဖွင့်ပွဲတွင် ကျောင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် လှူဒါန်းခဲ့သော အလှူရှင် ဦးအောင်လင်းနှင့် ဇနီး ဒေါ်ခင်သန်းနွဲ့ (ဆရာခို-တေခံ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး ကျောင်းလှူမှုထူးချွန်ဆု ချီးမြှင့်စဉ်။ (ပညာရေး)

✳ ရှေ့ဖုံးမှ

နဝမနေ့ အထမြောက်ကြောင်းနှင့်အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ဦးတင်အေးအား ခန့်အပ်တာဝန်ပေးသင့်ကြောင်း၊ တင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (ခ)တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

တင်ပြ

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇၊ ပုဒ်မခွဲ (က)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၆ တို့နှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ဒေါက်တာထွန်းရှင်အား ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အရည်အချင်းနှင့် စပ်လျဉ်း၍ စိစစ်နိုင်ရန် ၎င်း၏ကိုယ်ရေးအချက်အလက်ကို သက်ဆိုင်ရာပါတီအလိုက် ဆက်သွယ်ရန် တာဝန်ပေးထားသည့် ကိုယ်စားလှယ်က လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တောင်းခံနိုင်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့်ပုဂ္ဂိုလ်သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ (ခ) အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇၊ ပုဒ်မခွဲ (က)တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဖေဖော်ဝါရီ ၁၉ ရက် (စနေနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့နိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ဆက်လက်ကျင်းပမည်

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က နဝမနေ့ အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၂၁ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်နာယကက ဦးခင်အောင်မြင့်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၂-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိဥပါတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂုဇယမင်္ဂလံ(ယဉ်ဝေယံထွန်း တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ “သက်ရှည်ကျန်းမာလေ့ကျင့်ပါ”
၈း၁၀ ၇။ ကဗျာပန်း
၈း၂၅ ၈။ အကပြိုင်ပွဲ
၈း၃၀ ၉။ “လူကူးမျဉ်းကျားမှကူးမယ်”(B)
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၀ ၅။ Yan Can Cook
၁း၀၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ကြိုးတစ်မျှင်” (အပိုင်း-၁၇)**
၁း၅၀ ၇။ **မဟော်သဓာ(အပိုင်း-၁၉) (ဖိုးသောကြာ၊အားသစ်၊ နဒီဝင့်နိုင်၊ပပစိုးကြည်) (ဒါရိုက်တာ-စန္ဒရားသန်းဇော်)**
၂း၁၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၁၅ ၉။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ
၂း၂၀ ၁၀။ အတီးပြိုင်ပွဲ
၂း၃၅ ၁၁။ သက်တံရောင်သံစဉ်
၂း၅၀ ၁၂။ International News
၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅ ၂။ တေးဂီတအစီအစဉ်
၄း၁၅ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၂၅ ၄။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ပထဝီဝင်ဘာသာရပ်)
၅း၁၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၆။ International Science News
၅း၃၀ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၁၅ ၉။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၀။ အလှရှာမယ်လှကမ္ဘာဝယ်
၆း၃၅ ၁၁။ “ပုံတောင်တောင်ကြောဆီသို့ ခရီးတစ်ခေါက်”
၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “စမ်းရေပမာ” (အပိုင်း-၂၃)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **ကာတွန်းအစီအစဉ် “တောကောင်ငယ် သိုင်းညီနောင်လေးများ” (အပိုင်း-၁၀၀)**
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကွန်ဖူးချစ်သူ” (အပိုင်း-၇)**
၁၈။ ဂီတတံခါးလေးဖွင့်ပါဦး
၁၉။ အစီအစဉ်ပြီး၏။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) ရန်ကုန်-ကွမ်ကျိုးနှင့် ရန်ကုန်-စီရမ်ရိ ခရီးစဉ်သစ်များ စတင်ပျံသန်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) သည် ခရီးစဉ်သစ်များအနေဖြင့် ရန်ကုန်မှ ကမ္ဘောဒီးယားနိုင်ငံ စီရမ်ရိမြို့ (အန်ကောဝပ်)သို့ တစ်ပတ်လျှင် နှစ်ကြိမ် (စနေနေ့နှင့်ဗုဒ္ဓဟူးနေ့) များတွင်လည်းကောင်း၊ ရန်ကုန်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့သို့ အပတ်စဉ် (ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့)များတွင် လည်းကောင်း ပျံသန်းမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ ခရီးစဉ်သစ်များအနက် ရန်ကုန်-စီရမ်ရိ ခရီးစဉ်ကို ဖေဖော်ဝါရီ ၂၃ ရက်တွင် လည်းကောင်း၊ ရန်ကုန်-ကွမ်ကျိုး ခရီးစဉ်ကို မတ် ၃ ရက်တွင်လည်းကောင်း စတင်ပျံသန်းမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)သည် လူဦးရေ ၁၆၀ လိုက်ပါစီးနင်းနိုင်သည့် Air Bus A-320 လေယာဉ် သုံးစင်း၊ လူဦးရေ ၂၂၀ လိုက်ပါစီးနင်းနိုင်သည့် Air Bus A-321 လေယာဉ်တစ်စင်းဖြင့် ဘန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ ဂယာမြို့များသို့ တိုက်ရိုက် အသွားအပြန် ခရီးစဉ်များကို လည်းကောင်း၊ Air Bus လေယာဉ် တစ်စင်းကို ဘန်ကောက်တွင် ညအိပ်ရပ်နားပြီး ဘန်ကောက်-ရန်ကုန်အပြင် နိုင်ငံတကာ ခရီးစဉ်အပိုင်းဖြစ်သော ဘန်ကောက်-စင်ကာပူ နေ့စဉ်အသွားအပြန်ခရီးစဉ်ကိုလည်းကောင်း အောင်မြင်စွာ ပြေးဆွဲလျက်ရှိပြီး စင်းလုံးငှားခရီးစဉ်များအားလည်း အခါအားလျော်စွာ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းအဖွဲ့များဖြင့် ပြေးဆွဲလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) အနေဖြင့် ဂျပန်နိုင်ငံ တိုကျို၊ တောင်ကိုရီးယားနိုင်ငံ ဆိုး(လ်)၊ အိန္ဒိယနိုင်ငံ နယူးဒေလီ၊ အာရပ်စော်ဘွားများနိုင်ငံ ဒူဘိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာနှင့် ဘာလီကျွန်း အစရှိသည့် ဒေသများသို့လည်း ဆက်လက်ပျံသန်း ပြေးဆွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း ကြက်တောင်ရိုက်နည်း သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်းက ဦးစီး၍ အခြေခံ ကြက်တောင်ရိုက်နည်းသင်တန်းကို မတ် ၃ ရက်(ကြာသပတေးနေ့)တွင် စတင်မည်ဖြစ်ပြီး နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၆၈) စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် သင်တန်းဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ မြတ်မွန်ရတနာခန်းမ မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း တိုက်သင်တန်းမှူး ဦးစိုးမြင့်(၄ကြ်ခါး) ဖုန်း- ၂၅၀၁၅၃၊ ၇၃၀၁၁၇၀၇ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၁၉၈၇)ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(၁၉၈၇)ခုနှစ် ကျောင်းဆင်း သူငယ်ချင်းများ၏ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို မတ် ၂၆ ရက်တွင် ရန်ကုန်မြို့အင်းလျားလမ်းရှိ ရွှေရှမ်းကန်စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့အား ပညာအမွေပေးခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများ၏ ဂုဏ်ကျေးဇူးကို ရည်စူး၍လည်းကောင်း၊ သူငယ်ချင်းများ ပျော်ပျော်ရွှင်ရွှင်ပြန်လည်ဆုံတွေ့နိုင်ကြစေရန်လည်းကောင်း ဒေါက်တာ မောင်မောင်ထွန်း ဖုန်း-၀၉-၅၀၀၉၈၃၀၊ ဒေါက်တာဝင်းနိုင် ဖုန်း-၀၉-၅၁၂၃၄၆၆၊ ဒေါက်တာညောင်ရွှေ ဖုန်း-၀၆၁-၅၀၉၂၇၊ ဒေါက်တာကျော်ဆွေ ဖုန်း-၀၉-၂၀၀၂၀၆၀၊ ဒေါက်တာအောင်ညွှန့်ဆန်း ဖုန်း-၀၉-၅၀၂၂၄၅၃၊ ဒေါက်တာကျော်နိုင်ဦး ဖုန်း-၀၉-၈၆၂၈၇၂၁၊ ဒေါက်တာဝင်းဝင်းမြင့် ဖုန်း-၀၉-၅၂၃၃၂၄၄ နှင့် ဒေါက်တာသီတာသန်းမောင် ဖုန်း-၀၁-၇၃၀၀၉၇၈၉ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

သတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်း နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာသတင်း အချက်အလက် နည်းပညာ ကော်ပိုရေးရှင်းလီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နဝမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အစုရှယ်ယာရှင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(ကြေးမုံ)

☆ ကျောဖုံးမှ

ထို့နောက် ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၂ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ကယားပြည်နယ်

ကယားပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ် တာဝန်ပေးသင့်သော ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးဌေးအောင်၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ် အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပြည်နယ်စာရင်းရုံး ညွှန်ကြားရေးမှူး အငြိမ်းစား ဒေါ်ကြည်ကြည်၏ အမည်စာရင်းတို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၂၀)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ကရင်ပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၇ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ချင်းပြည်နယ်

ချင်းပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပြည်နယ်ဥပဒေအရာရှိ အငြိမ်းစား ဦးကပ္ပတီအယ်လ်၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပြည်နယ်စာရင်းရုံး ညွှန်ကြားရေးမှူး အငြိမ်းစား ဦးကျော်ဇံ၏ အမည်စာရင်းတို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၂၄)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ချင်းပြည်နယ်

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင် ကော်မတီဝင်များအဖြစ် တာဝန်ပေးသင့်သည့် အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်

စိုးမင်းသူတို့ ဖြစ်ကြသည်။

ထို့နောက် ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးကို နံနက် ၈ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ တိုင်းဒေသကြီး

လွှတ်တော်ကိုယ်စားလှယ် (၂၈)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၄ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တိုင်းဒေသကြီးဥပဒေအရာရှိ အငြိမ်းစား ဦးမြင့်အောင်၏ အမည်စာရင်းနှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော စာရင်းစစ်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးဝင်း၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၆)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် စတင်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တိုင်းဒေသကြီးဥပဒေအရာရှိ အငြိမ်းစား ဦးရဲအောင်မြင့်၏ အမည်စာရင်းနှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၆)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က

ပထမအကြိမ် စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ကိုယ်စားလှယ် (၁၀၁)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

အဆိုပါကော်မတီဝင်များမှာ ဥက္ကဋ္ဌအဖြစ် လဟယ်မဲဆန္ဒနယ်အမှတ်(၁)မှ

ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပြည်နယ်ဥပဒေအရာရှိ အငြိမ်းစား ဦးစိုးမြင့်၏ အမည်စာရင်းနှင့် တိုင်းဒေသကြီး စာရင်း

ထို့နောက် ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၂ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ကရင်ပြည်နယ်

ကရင်ပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တိုင်းဒေသကြီး ဥပဒေအရာရှိ အငြိမ်းစား ဦးသိန်းလွင်၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တိုင်းဒေသကြီးစာရင်းရုံး ညွှန်ကြားရေးမှူး အငြိမ်းစား ဒေါ်ခင်မော်၏ အမည်စာရင်းတို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၂၃) ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

လွှတ်တော်ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၂၆ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် စတင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမောင်မောင်လင်း၏ အမည်စာရင်းနှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော စစ်ကိုင်းတိုင်းဒေသကြီး စာရင်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်အေး၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၀၁)ဦး စလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ဦးရှုစံကြူးနှင့် အဖွဲ့ဝင်များအဖြစ် လဟယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝါလို၊ လေရှီးမဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော့နား၊ နန်းယွန်း မဲဆန္ဒနယ်အမှတ်(၁)မှ ဦးယောင်ရန်းနှင့် တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး

စစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တနင်္သာရီတိုင်းဒေသကြီး စာရင်းရုံးမှ ညွှန်ကြားရေးမှူး ဦးသိန်းဟန်၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး

တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀ မိနစ် တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော မကွေးတိုင်းဒေသကြီးဥပဒေအရာရှိ ဦးမောင်မောင်ဖြူတင့်၏ အမည်စာရင်းနှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော စာရင်းစစ်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှသန်း၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၆၈)ဦးစလုံးက ကန့်ကွက်

သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မွန်ပြည်နယ်

မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ဦးဝင်းကြည်(တရားရုံးချုပ်ရှေ့နေ)၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ် တာဝန်ပေးသင့်သော ပြည်နယ်စာရင်းရုံး ညွှန်ကြားရေးမှူး အငြိမ်းစား ဒေါ်ခင်ခင်မျိုး၏ အမည်စာရင်းတို့ကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၀)ဦး စလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသည့်အတွက် ပြည်နယ်

စာမျက်နှာ ၅ ကော်လံ ၁ သို့◆

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

◆စာမျက်နှာ ၄ မှ

လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရခိုင်ပြည်နယ် ဥပဒေရုံးမှ ဥပဒေအရာရှိ ဦးလှသိန်း၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ်

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ခန့်အပ်တာဝန်ပေးသင့်သော ပြည်နယ်စာရင်းရုံး ညွှန်ကြားရေးမှူး အငြိမ်းစား ဦးထွန်းစံအောင်၏ အမည်စာရင်းတို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၄၇)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တိုင်းဒေသကြီး ဥပဒေအရာရှိ အငြိမ်းစား ဦးကျော်မိုးနိုင်၏ အမည်စာရင်းနှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တိုင်းဒေသကြီးစာရင်းရုံး ညွှန်ကြားရေးမှူး အငြိမ်းစား ဦးမြင့်အောင်၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၂၃)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်

ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရှမ်းပြည်နယ်ဥပဒေအရာရှိ ဦးမောင်မောင်၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် အငြိမ်းစား ဦးသိန်းမြင့်၏ အမည်စာရင်းတို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသော 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၏ အလုပ်အမှုဆောင်ကော်မတီဝင်များအဖြစ် တာဝန်ပေးသင့်သည့် အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်များမှာ ဥက္ကဋ္ဌအဖြစ် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ထွန်းလူ (ခ) ဦးထွန်းလူနှင့် အဖွဲ့ဝင်များအဖြစ် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလှဖေနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသူရိန်ဝင်းတို့ ဖြစ်ကြသည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင် ကော်မတီဝင်များမှာ ဥက္ကဋ္ဌအဖြစ် ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးထူးကိုကိုနှင့် အဖွဲ့ဝင်များအဖြစ် ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကိုကိုနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်ဇော်လွင်တို့ ဖြစ်ကြသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင် ကော်မတီဝင်များမှာ ဥက္ကဋ္ဌအဖြစ် ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစံလွင်နှင့် အဖွဲ့ဝင်များအဖြစ် ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်အေးမောင်၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်မောင်ပယ်၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်လှဆန်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသက်နောင်စိုးတို့ ဖြစ်ကြသည်။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင် ကော်မတီဝင်များမှာ ဥက္ကဋ္ဌအဖြစ် နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ကျော်(ခ) ဦးထွန်းကျော်နှင့် အဖွဲ့ဝင်များအဖြစ် နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီးကျော်ဇေယျာထွန်းတို့ ဖြစ်ကြသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင် ကော်မတီဝင်များမှာ ဥက္ကဋ္ဌအဖြစ် လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးပယ်စောက်ချိန် (ခ) ဦးဘောဆော်ချိန်နှင့် အဖွဲ့ဝင်များအဖြစ် လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင်ရှော်ချန်း(ခ)မြီရှောက်ချန်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်ဇေယျတို့ ဖြစ်ကြသည်။

ထို့နောက် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တိုင်းဒေသကြီး ဥပဒေအရာရှိ အငြိမ်းစား ဦးချစ်ကိုကို၏ အမည်စာရင်းနှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တိုင်းဒေသကြီးစာရင်းရုံး ညွှန်ကြားရေးမှူး အငြိမ်းစား ဦးသိန်းထွန်း၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၂)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ဆောင်ရွက်ရာ၌လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့ အလုပ်အမှုဆောင် ကော်မတီဝင်များ ခန့်အပ်တာဝန်ပေးအပ်ရန် ဆောင်ရွက်ရာ၌ လည်းကောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၆(က)နှင့် ပုဒ်မ ၂၇၁(က)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၀ နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥပဒေပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်မှာ** ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** တပ်ကုန်းမြို့နှင့် ပို့ဆောင်ရေးဝန်ကြီးရုံးတို့တွင် သုည ဒသမ ၂၈ လက်မစီ၊ နေပြည်တော်(သပြေကုန်း)တွင် သုည ဒသမ ၂၃ လက်မ၊ စစ်တွေမြို့တွင် သုည ဒသမ ၄၇ လက်မ၊ ပင်လောင်းမြို့တွင် သုည ဒသမ ၄၃ လက်မ၊ အမ်းမြို့တွင် သုည ဒသမ ၃၉ လက်မနှင့် မိတ္ထီလာမြို့တွင် သုည ဒသမ ၃၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၁၉ ရက် ညနေထိခန့်မှန်းချက်။ ။ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ဝန်ကြီး ဦးခင်မောင်မြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီရှစ်ခုတို့အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမဆောင်၌ ကျင်းပသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီရှစ်ခုဖြစ်သော Barons Machinery & Engineering Pte., Ltd. , Sino Hydro Coporation Ltd., Gunkul Engineering Public Co.,Ltd ., United National Oil & Gas Pte ., Ltd .,Chint Electric Co., Ltd ., Supplier Global Pte., Ltd., Smart Technical Service Ltd., Central China Power Grid International Economic & Trade Co., Ltd., တို့အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ရွှေနေချုပ် ဦးအေးမောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ကုမ္ပဏီရှစ်ခုတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး ကုမ္ပဏီများကိုယ်စား United National Oil & Gas Pte., Ltd. မှ Deputy Managing Director ဦးသန်းဝင်းဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးနှင့် ကုမ္ပဏီရှစ်ခုတို့မှ အုပ်ချုပ်မှုဒါရိုက်တာများက နေပြည်တော်(၂) ပင်မဓာတ်အားခွဲရုံ၊ လှော်ကားပင်မဓာတ်အားခွဲရုံ၊ ကမာနတ် ပင်မဓာတ်အားခွဲရုံ၊ တောင်တွင်းကြီး ပင်မဓာတ်အားခွဲရုံ၊ လှိုင်သာယာ ပင်မဓာတ်အားခွဲရုံ၊ မြောင်းတကာ ပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ နှင့် ၁၃၂ ကေဗွီ ပင်မဓာတ်အားခွဲရုံများအတွက် လိုအပ်သော လျှပ်စစ်ပစ္စည်းများ ဝယ်ယူရန်အတွက် သဘောတူစာချုပ်များအား လက်မှတ်ရေးထိုးလဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကုတ်မြို့နယ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးနေမျိုးဇော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော သဝဏ်လွှာကိုဖတ်ကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

SMS Application Service များ ပါဝင်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

e Trade Myanmar Co., Ltd. သည် ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက် အတွင်း Strand Hotel ၌ ကျင်းပသည့် Software & Solution Exhibition 2011 ပြပွဲတွင် eTm SMS ၏ SMS2LED Interactive Quiz & Game FMCG Product များအတွက် SMS Ordering System များ အပါအဝင် အခြား SMS Application Service များကို ပြသလျက်ရှိသည်။

၂၀၀၅ ခုနှစ် နိုဝင်ဘာလတွင် (မြန်မာ့ဆက်သွယ်ရေးမှ SMS စနစ်စတင်အသုံးပြုခွင့်ပေးသည်နှင့် တစ်ပြိုင်နက်) eTm SMS အမည်ဖြင့် မိုဘိုင်းလ်ဖုန်းသုံးစွဲသူ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များသို့ SMS (သတင်းတိုစာပို့စနစ်)ဖြင့် တိကျမှန်ကန်သော ဈေးကွက်သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီသိရှိပြီး မှန်ကန်သော စီးပွားရေးဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်ရည်ရွယ်၍ (ပဲမျိုးစုံ၊ နှံစား၊ ဆီထွက်၊ စားသုံးဆီ၊ ဆန်စပါးနှင့် ရော်ဘာအစရှိသော လယ်ယာထွက်ကုန်များ၏ ပြည်တွင်း၊ ပြည်ပ နေ့စဉ် ပေါက်ဈေးနှုန်းများ၊ ရန်ကုန်နှင့် ကမ္ဘာ့ဈေးကွက်တို့မှ ရေနံနှင့် လောင်စာဆီဈေးနှုန်းများ၊ ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး၊ နိုင်ငံတကာငွေလဲလှယ်နှုန်းထားများနှင့် Export Earning) အစရှိသည့် ဈေးနှုန်းများနှင့် သတင်းအချက်အလက်များ၊ ဘောလုံးပွဲစဉ်များ၏ လူစာရင်းခန့်မှန်း၊ ခန့်မှန်းရလဒ်နှင့် ပွဲပြီးရလဒ်များကို အသင်းဝင်စနစ်ဖြင့် သတင်းအချက်ဝန်ဆောင်မှုပေးလျက်ရှိရာ ဈေးနှုန်းနှင့် သတင်းအချက်အလက် တိကျမှု၊ မှန်ကန်မှုတို့ကို အလေးထားသောကြောင့် ခုနစ်နှစ်တာကာလအတွင်း မြန်မာတစ်ပြည်လုံးရှိ စီးပွားရေးလုပ်ငန်းရှင်များ၏စံအဖြစ် အသိအမှတ်ပြုအားထားရာ eTm SMS ဝန်ဆောင်မှု ဖြစ်လာခဲ့သည်။

လက်ရှိတွင်လည်း (GSM/ CDMA 450/ CDMA 800) ဖုန်းများသို့ SMS စနစ်ဖြင့် လည်းကောင်း၊ www.etrademyanmar.com အင်တာနက် ဝက်ဘ်ဆိုက်မှလည်းကောင်း နေ့စဉ် ဈေးနှုန်းနှင့် သတင်းအချက်အလက်များကို အမျိုးအစားစုံလင်စွာ ဝန်ဆောင်မှုရယူနိုင်ပြီဖြစ်သည်။

အသေးစိတ်သိရှိလိုပါက e Trade Myanmar Co., Ltd. ရန်ကုန်ရုံးချုပ် အဆောင်(၄) အခန်း(၈) မြန်မာ အင်ဖိုတက်ခ် လှိုင်မြို့နယ် ဖုန်း-၀၁-၆၅၂၂၈၃၊ ၅၀၇၁၅၃၊ ၅၀၇၁၅၄၊၀၉-၅၁၄၈၆၂၆ နှင့် မန္တလေးရုံးခွဲ တိုက် (C/3) ဒုတိယထပ် (၃၂)လမ်း (၇၇×၇၈) ဖုန်း-၀၂-၆၉၃၉၀ နှင့် ၀၉-၅၁၉၅၂၂၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်ရှိ လူနေအိမ်အဆောက်အအုံများ၊ လုပ်ငန်းဌာနများ၊ ဈေးများ၌ မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မီးငြှိမ်းသတ်မှု (သရုပ်ပြ) လေ့ကျင့်ဆောင်ရွက်ခြင်းတို့ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ရက် နံနက် ၁၀ နာရီတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြှိမ်းသတ်မှု(သရုပ်ပြ) လေ့ကျင့်ဆောင်ရွက်ခြင်းကို ပုဗ္ဗသီရိမြို့ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီဝန်ထမ်းအိမ်ရာရုံးခန်း၌ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားတွင် တာဝန်ခံအင်ဂျင်နီယာ ဦးလှငွေးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသန်းက မီးဘေးကာကွယ်ရေးလုပ်ငန်းစဉ်များနှင့် မီးငြှိမ်းသတ်ရန်နည်းလမ်းများ ရှင်းလင်းမှာကြားကာ တက်ရောက်လာကြသူများက ဆီမီးလောင်မှုအား ဓာတုဗေဒပေါင်ဒါမှုန့် မီးသတ်ဆေးဘူးများအသုံးပြု၍ လက်တွေ့ပက်ဖျန်း ငြှိမ်းသတ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ကြိုတင်ကာကွယ် မီးအန္တရာယ်

(၄၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်အမှုဆောင် ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်အေးအေးက အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယရရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့အား လည်းကောင်း၊ မြန်မာC.Pကုမ္ပဏီမှ ဦးစိုးလွင်က ဒုတိယရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပထမရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းတို့အား လည်းကောင်း ဆုတံဆိပ်နှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဦးခိုင်ထွေးက အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့အား လည်းကောင်း၊ အမှုဆောင် ဗိုလ်မှူးကြီး ဝင်းဆွေ(ငြိမ်း)က အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယဆုရ ချင်းပြည်နယ်အသင်းနှင့် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား လည်းကောင်း ဆုတံဆိပ်နှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက အကောင်းဆုံးအားကစားသမား ဆုများရရှိကြသော မနီလာဝင်း(ရန်ကုန်တိုင်းဒေသကြီး)နှင့် ထောင်ဇာလျန်း (ချင်းပြည်နယ်)တို့အား ဆုတံဆိပ်နှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင် (အောက်မြန်မာပြည်)က အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသား အသင်းလိုက်ပြိုင်ပွဲများတွင် ပထမရရှိကြသော ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး အသင်းနှင့် အမျိုးသားအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုကြီးများနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံအတွင်း မြို့သာယာလှပရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၃ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော သစ်ချိုလမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်-နေ့လယ်-ည)၁၉-၂-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (မေတ္တာသုတ်+ခန္ဓသုတ်)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (သူတော်ကောင်းပီသအောင်-၂)
၈း၄၀	တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	ရင်ခုန်စီးဆင်းအနုပညာသတင်း (၂၉)
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်-ညီညွတ်ခြင်းသည်အင်အား)
၁၁း၂၀	အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနားဆင်စရာ (သစ်တစ်ပင်၏ဂီတ) တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (ဆွမ်းသပိတ် လုပ်ငန်း)
၁၂း၃၀	ဟန်မျိုးစုံညီတေးကိုသီ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (ဘီအီးဒီ (ဒုတိယနှစ်)-ပညာရေးစီမံခန့်ခွဲမှု) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၁၅	၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (အင်္ဂလိပ်)
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	လေလှိုင်းကြားကပွဲတင်သံ
၅း၁၅	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ခေတ်မရွေးသောတေးများ
၆း၀၀	ညနေခင်းသတင်း စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်မှုအကြောင်း ဆွေးနွေးခန်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၇း၁၀	စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်မှုနှင့် ပတ်သက်၍ ဒေသခံများ၏ ရင်တွင်းပီတိစကားများ (အပိုင်း-၁)
၇း၁၅	ရေဒီယိုအတိတ်တေးအရိပ်
၇း၃၀	သုတအဖြာဖြာတိုင်းရင်းဆေးပညာ (မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆီးချိုရောဂါ) စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်မှုနှင့် ပတ်သက်၍ ဒေသခံများ၏ ရင်တွင်းပီတိစကားများ (အပိုင်း-၂)
၈း၀၀	ပြည်တွင်းသတင်း
၈း၁၅	ညချမ်းချိန်ခါတေးပဒေသာ စီးပွားရေးဦးတည်ချက်
၈း၃၀	သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၈း၄၅	ညချမ်းချိန်ခါတေးပဒေသာ
၉း၀၀	Radio Internet
၉း၁၀	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ပြည်ပအတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ စီမံကြီးကြပ်မှုနှင့် ဂျပန်နိုင်ငံ ဆာဆာကာဝါငြိမ်းချမ်းရေး ဖောင်ဒေးရှင်း၏ ပါဝင်ပံ့ပိုးမှုဖြင့် "နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ - ဒီဇင်ဘာ ၂၀၁၀ (နေပြည်တော်)" တက်ရောက်ခဲ့သူ ကိုယ်စားလှယ်များထဲမှ ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ အိန္ဒိယနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သော ကိုယ်စားလှယ်များ၏ ပြည်ပအတွေ့အကြုံရှင်းလင်းသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ စုပေါင်းခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်း၊ ဦးကျော်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသော ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လေ့လာရေးခရီး သွားရောက်ခဲ့ကြသူများ တက်ရောက်ကြသည်။

ထို့နောက် လေ့လာရေးခရီး သွားရောက်ခဲ့သူများကိုယ်စား ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသာထွန်းကျော်၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ထွန်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဌာနခွဲမှူး ဒေါ်စီစီမြင့်နှင့် လက်ထောက်ကထိက ဒေါ်ဆောင်ဆွမ့်တို့က လေ့လာရေးအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး အခမ်းအနား တက်ရောက်လာကြသူများက သိရှိလိုသည်များ ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သူ ကိုယ်စားလှယ်များထဲမှ အိန္ဒိယနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သောကိုယ်စားလှယ်များ၏ ပြည်ပအတွေ့အကြုံရှင်းလင်းသည့်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၂-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၂၅	၆။	မျိုးချစ်တပ်မတော်
၇း၃၀	၇။	မြန်မာ့ရှုခင်း
၇း၄၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၃။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၄။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀	၃။	နိုင်ငံတော်သီချင်း
၁၁း၁၅	၄။	အဖွင့်သီချင်း
၁၁း၂၀	၅။	မျိုးချစ်တပ်မတော်
၁၁း၂၅	၆။	ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၃၁)
၁၂း၀၀	၇။	**ရုပ်မြင်သံကြားဇာတ်လမ်း -မရဲ့ပါးတစ်ဖက် (ဟိန်းဝေယံ၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
၁း၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၂း၀၀	၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၄၂)**
၂း၅၅	၁၀။	အပိတ်နှုတ်ဆက်စကား
၃း၀၀	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၇	၃။	နိုင်ငံတော်သီချင်း
၄း၁၃	၄။	အဖွင့်သီချင်း
၄း၁၅	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၀	၇။	ကုန်သွယ်သုတ
၄း၄၅	၈။	အားလုံးရဲ့တာဝန်
၄း၅၅	၉။	၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (ပထဝီဝင်)
၅း၁၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀	၁၁။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	စားဖိုဆောင်ချစ်သူ
၆း၅၀	၁၅။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၃၉)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	လူ့ရှင်တော်စတား
	၂၂။	လျှပ်တစ်ပြက်
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်၌တည်သောသစ္စာ (အပိုင်း-၅)**
	၂၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း(အပိုင်း-၂၉)**
	၂၆။	သင့်အတွက်မနက်ဖြန်
	၂၇။	အပိတ်နှုတ်ဆက်စကား
	၂၈။	ပြီးပါပြီ။

အသည်းအစားထိုးကုသခြင်းဆိုင်ရာ ဆေးပညာဟောပြောပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

KC ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းက ကြီးမှူး၍ အသည်းအစားထိုး ကုသခြင်းဆိုင်ရာ ဆေးပညာဟောပြောပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် Ball Room ၌ ကျင်းပသည်။

ယင်းဟောပြောပွဲတွင် KC ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း မန်နေဂျင်းဒါရိုက်တာ ဒေါက်တာကျော်မင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး Indraprastha Apollo Hospital, New Delhi, India မှ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းဆိုင်ရာ ကလေးအထူးကုဆရာဝန်ကြီး Prof. Anupam Sibal က အသည်းအစားထိုး ကုသခြင်းဆိုင်ရာများကို ဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသော ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများက အသည်းအစားထိုး ကုသခြင်းဆိုင်ရာများကို အပြန်အလှန် ဆွေးနွေးကြသည်။

ဆက်လက်၍ ဒေါက်တာကျော်မင်း ဦးစီးသော KC ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို Indraprastha Apollo Hospital, New Delhi နှင့် Akpollo Hospitals Group ၏ မြန်မာနိုင်ငံဆိုင်ရာ တရားဝင်ကိုယ်စားလှယ် (medical facilitator)အဖြစ် ခန့်အပ်ခြင်းနှင့် Apollo ဆေးရုံအုပ်စု၏ အသည်းအစားထိုးကုသမှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံများအကြောင်း စာနယ်ဇင်းရှင်းလင်းပွဲကို မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ပုဂံခန်းမ၌ ကျင်းပရာ အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက ရှင်းလင်းပြောကြားပြီး ဒေါက်တာကျော်မင်းက KC ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၏ အိန္ဒိယနိုင်ငံသို့ သွားရောက်ဆေးကုသမှုခံယူလိုသူများအတွက် ကူညီဆောင်ရွက်ပေးသော ဝန်ဆောင်မှုများအကြောင်း၊ Apollo ဆေးရုံအုပ်စု၏ Group Medical Director Prof. Anupam Sibal က Apollo ဆေးရုံအုပ်စု၏ အသည်းအစားထိုးကုသမှုဆိုင်ရာ အောင်မြင်မှု အတွေ့အကြုံများအကြောင်း၊ နယူးဒေလီမြို့ Apollo ဆေးရုံမှ Senior Marketing Manager Mr. Raj Raina က ယင်းဆေးရုံ၏ ဝန်ဆောင်မှုများ အကြောင်းများကို ရှင်းလင်းပြောကြားကြသည်။

KC ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းက အသည်းအစားထိုး ကုသလိုသူများနှင့် အခြားရောဂါများအတွက် ကုသမှုခံယူလိုသူများအား Indraprastha Apollo Hospital, New Delhi, India သို့ ပို့ဆောင်ကူညီပေးသွားမည်ဖြစ်ပြီး မကြာမီ Telemedicine service ကို KC ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း အခန်းဂျီဝမ်း အခန်းအမှတ်(၁)(၂)(၁၁) ပုလဲကွန်ဒို(စီ)ဆောင် ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း သိရှိရသည်။

ဆက်သွယ်လိုသူများအနေဖြင့် ဖုန်း- ၀၁-၇၃၀၇၆၄၀၄၊ ၀၁-၅၅၇၄၄၈နှင့် ext ၈၉၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

KC ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းက ကြီးမှူး၍ အိန္ဒိယနိုင်ငံ Apollo ဆေးရုံအုပ်စုမှ အသည်းအစားထိုးကု ဆရာဝန်ကြီးများ အသည်းအစားထိုး ကုသခြင်းနှင့် စာနယ်ဇင်းရှင်းလင်းပွဲကို ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၂ ရက်က ပန်းတနော်မြို့ အခြေခံပညာအလယ်တန်းကျောင်းအတွက် အလှူရှင် ဦးအေးမြင့်၊ ဒေါ်ခင်စန်းဦး (မြတ်မင်္ဂလာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)က သောက်ရေစင်နှင့် ရေစည်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

(မြို့နယ်စာပေနှင့် စာနယ်ဇင်း)

News Watch(စောင့်ကြည့်) သတင်းဂျာနယ် အတွဲ (၆)၊ အမှတ် (၃၂) ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ချယ်ရီဝက်ဂွန်ကား သိန်း ၆၀ ဝန်းကျင်နှင့် ရောင်းချမည်၊ ကျပ်သိန်း ၇၀၀နီးပါး အကုန်အကျခံစမ်းသပ်ပြီး ယာဉ်ဗဟိုထိန်းချုပ်စနစ်စတင်တော့မည်၊ ငါးသိန်းတန် GSM ဖုန်းလျှောက်လွှာ တစ်စောင် ကျပ် ၅၀၀၀ ဖြင့် တစ်ဆင့်ရောင်းချနေကြ၊ အထည်ချုပ်လုပ်ငန်း ပြည်ပမှရင်းနှီးမြှုပ်နှံမှုများလာ၊ မြန်မာနိုင်ငံ၏ သီဟိုဠ်စေ့ အီရတ်မှ ဝယ်ယူလို၊ ရန်ကင်းကလေးဆေးရုံသစ်ကြီး ဖွင့်တော့မည်၊ ဘိုကလေး - ဖျာပုံ ကားလမ်းသစ် 33/11KV ဓာတ်အားလိုင်းသစ် တပ်ဆင်ပြီးစီးပြီ၊ မန္တလေး ပြင်ပ တရားမဝင်ဓာတ်ဆီဆိုင်များကြောင့် မီးဘေးအန္တရာယ် စိုးရိမ်နေရ၊ သတ်မှတ်ကုန်ချိန်အတိုင်း တင်ဆောင်ရန် မြို့နယ်အသီးသီးတွင် ကြပ်မတ်ဆောင်ရွက်မည်၊ ပြည်ပနိုင်ငံများသို့ သစ်တောထွက်ပစ္စည်းများ အပို့များလာ၊ ဟောင်းနွမ်းစုတ်ပြဲ ငွေစက္ကူများကို မြန်မာနိုင်ငံဗဟိုဘဏ်မှာ လဲလှယ်ပေးနေ၊ ဆရာပါရဂူ၏ တဂိုး၏ ဝတ္ထုများ၊ ပါကစ္စတန် နိုင်ငံ ဘနာဇီယာဘူတိုကို လုပ်ကြံသတ်ဖြတ်မှု ပါဗက်မူရှာရက်အား ဖမ်းဝရမ်းထုတ်၊ ပါလက်စတိုင်းအစိုးရအဖွဲ့နုတ်ထွက် အကြီးအကျယ် အပြောင်းအလဲဖြစ်၊ ဂရမ်မီဆုရသည့် မျက်နှာသစ်အဆိုတော် အက်စပါရန်ဇာပပါလ်ဒီ၊ ဟယ်ရီပေါ်တာမင်းသမီးလေး ဗြိတိန်ရုပ်ရှင် အကယ်ဒမီဆုရရှိ၊ အတိတ်ကိုမတူးဖော်ဘူးဆိုသည့် အင်ဆိုဂျင်၊ လက်တွေ့ဆန်သည့် ခုံရို၊ မောင်သန်းဆွေ(ထားဝယ်)၏ ဗြိတိသျှထီးနန်းကို ဆက်ခံမည့်သူ စသည်တို့ဖြင့် News Watch (စောင့်ကြည့်) ဂျာနယ် အတွဲ (၆)၊ အမှတ် (၃၂) ထွက်ရှိလာပြီဖြစ်သည်။

(သတင်းစဉ်)

အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း တာမွေ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ယင်းကျောင်းခန်းမ၌ ကျင်းပရာ အဆိုပါကျောင်းတွင် မူလတန်းပညာများ သင်ယူခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ခြောက်ဦးတို့အား ဆုယူအပြီး တွေ့ရစဉ်။ (ပညာရေး)

ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မြဝတီရပ်ကွက်အတွင်းရှိ ပိတောက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် ရပ်ကွက်ဥက္ကဋ္ဌတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပိတ်ဆို့အရေးယူမှုကင်းကင်းနဲ့ ခြေလှမ်းသွက်သွက် ခရီးဆက်နိုင်ဖို့ အချိန်တန်ပြီ

မောင်မှတ်

အနောက်နိုင်ငံတွေရဲ့ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုတွေဟာ ပြည်သူအများစုထက် တည်ဆဲအစိုးရအပေါ်မှာသာ ထိရောက်စေတာ ဖြစ်တဲ့အတွက် ဒီဒဏ်ခတ်မှုတွေ ဆက်ပြီးရှိနေသင့်တယ်လို့ NLD ဒုတိယဥက္ကဋ္ဌက ပြောကြားကြောင်း အနောက်လေလှိုင်းတစ်ခုက ထုတ်လွှင့်သွားခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ ပိတ်ဆို့အရေးယူမှုတွေရဲ့ အကျိုးသက်ရောက်မှုနဲ့ ပတ်သက်လို့ NLD ရဲ့ လေ့လာတွေ့ရှိမှုတွေ၊ စီးပွားရေးပညာရှင်တွေရဲ့ အကြံပေးဆွေးနွေးမှုတွေအပေါ်မှာ အခြေခံပြီး အစီရင်ခံစာတစ်စောင် ထုတ်ပြန်ဖို့ ရှိတယ်လို့လည်း ဆိုခဲ့ပါတယ်။ ဒီသတင်းနဲ့ ရှေ့ဆင့်နောက်ဆင့်မှာပဲ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ခေါင်းစဉ်ပါ NLD ရဲ့ သဘောထားစာတမ်းကို ထုတ်ပြန်ခဲ့တာ တွေ့ရပါတယ်။

အဲဒီစာတမ်းမှာပဲ **"စီးပွားရေးပိတ်ဆို့မှုများကို မြန်မာနိုင်ငံရှိ မည်သည့်နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ တောင်းဆိုချက်များကြောင့် ချမှတ်ခဲ့ရသည်မဟုတ်ပါ။ သက်ဆိုင်ရာ နိုင်ငံများ၏ ဆုံးဖြတ်ချက်များသာ ဖြစ်ပါသည်"** ဆိုပြီး ဖော်ပြထားပါတယ်။ တကယ်တော့ ကျွန်တော်တို့ နိုင်ငံအပေါ် အမေရိကန်နဲ့ အနောက်အုပ်စုက စီးပွားရေးပိတ်ဆို့အရေးယူမှုတွေ လုပ်လာခဲ့တာ အခုဆိုရင် ရှစ်နှစ်ထဲကို ရောက်လာပါပြီ။ ၂၀၀၃ ခုနှစ်ကတည်းက မြန်မာနိုင်ငံလွတ်မြောက်ရေးနဲ့ ဒီမိုကရေစီအက်ဥပဒေ (Burmese Freedom and Democracy Act of 2003) ဆိုတာကို သမ္မတဘုရှ်ကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပြန်ပြီး ပိတ်ဆို့မှုတွေ စတင်ခဲ့တာပါ။ အဲဒီလို ဖြစ်လာအောင်လည်း ပြည်တွင်းကနေ ဘယ်သူတွေက တောင်းဆိုခဲ့တယ်၊ ဘယ်လိုတွေဆက်သွယ်ပြီး ဘယ်လိုတွေ အခါတော်ပေးခဲ့တယ်ဆိုတာ ပြည်သူအားလုံး သိထားပြီးသားကိစ္စတွေ ဖြစ်နေပါပြီ။

တစ်ချိန်တုန်းက **"မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်ကြပါနဲ့၊ လူသားချင်းစာနာထောက်ထားမှု အကူအညီတွေ မပေးကြပါနဲ့၊ ကမ္ဘာလှည့်ခရီးသည်တွေ မလာကြပါနဲ့၊ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ မြန်မာနိုင်ငံကို လက်မခံကြပါနဲ့"** ဆိုပြီး တစာစာတောင်းဆိုသူ ရှိခဲ့တာကြောင့် ကျွန်တော်တို့ပြည်သူတွေဟာ Sanction ဆိုတဲ့ ဝေါဟာရကို မရင်းနှီးချင်ဘဲ ရင်းနှီးခဲ့ကြရတာပါ။ ဒါကို အားလုံးသိပါတယ်။ အခုအချိန်ကျမှ Sanction ဟာ ကိုယ်နဲ့မဆိုင် သလို၊ ကိုယ်တောင်းဆိုခဲ့တာမဟုတ်သလို သက်ဆိုင်ရာ နိုင်ငံတွေရဲ့ ဆုံးဖြတ်ချက်ပါပဲဆိုပြီး ပြောင်ငြင်းတာကတော့ အရုပ်ဆိုးလွန်းလှပါတယ်။

ပိတ်ဆို့အရေးယူမှုနဲ့ ပတ်သက်ပြီး ပြည်သူအများရဲ့ သဘောထားတွေကို နားထောင်ဦးမယ်၊ ပြီးမှ ဒီအရေးယူဒဏ်ခတ်မှုတွေကို ဖယ်ရှားဖို့ သင့်၊ မသင့်ဆိုတာကို ဆုံးဖြတ်မယ်လို့ ဖျက်သိမ်းခံပါတီခေါင်းဆောင်က ပြောခဲ့တာ သိပ်မကြာလှသေးပါဘူး။ အခုတော့ ဆုံးဖြတ်လိုက်ပါပြီ။ ဆုံးဖြတ်ပြန်တော့လည်း မူမပြောင်း၊ လမ်းကြောင်းမပြောင်း ခတ်ပြားဟောင်းကြီးအတိုင်း မြန်မာနိုင်ငံအပေါ် အရေးယူဒဏ်ခတ်ပိတ်ဆို့မှုတွေ ဆက်ပြီးရှိနေသင့်ပါတယ် ဆိုတဲ့ အဖြေပဲ ထွက်လာတာပါပဲ။ ကိုယ်စခဲ့တဲ့ဇာတ်ဆိုတော့ တိုင်းပြည်ဘာပဲဖြစ်ဖြစ်၊ ပြည်သူတွေဘယ်လောက်ပဲ ဒုက္ခရောက်ရောက် ဒီဇာတ်ညွှန်းအတိုင်းပဲကောင်းပါတယ်လို့ မျက်လုံးစုံမှိတ်ပြီး ပြောထွက်လာတာပါပဲ။ တတ်လည်းတတ်နိုင်ကြပါပေရဲ့။

ဒီလိုစီးပွားရေးပိတ်ဆို့မှုတွေလုပ်ရတာဟာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေ ပိုကောင်းလာဖို့နဲ့ ဒီမိုကရေစီတန်ဖိုးတွေ ထွန်းကားလာဖို့အတွက် ရည်ရွယ်ရင်းဖြစ်ပါတယ်ဆိုပြီး အနောက်နိုင်ငံတွေဘက်က ရှေ့နေလိုက်ပေးနေပြန်ပါတယ်။ တကယ်တမ်းကျတော့ ဒီ Sanction ဆိုတာဟာ ပြည်တွင်းပုဆိန်ရိုးအုပ်စုအတွက်ရော၊ ပိတ်ဆို့တဲ့အနောက်အုပ်စု နိုင်ငံတွေအတွက်ပါ ကိုယ့်တွက်ကိန်းနဲ့ကိုယ် ကိုယ်ကျိုးစီးပွား သက်သက်ကြည့်ပြီး လုပ်ကြံဖန်တီးခဲ့ကြတဲ့ စနက်တစ်ခုပါ။ ပြည်တွင်းပုဆိန်ရိုးအုပ်စုကလည်း ကိုယ်နဲ့ ကိုယ့်ပါတီ အာဏာရဖို့၊ ကိုယ့်အဖွဲ့အစည်းကောင်းစားဖို့ ဦးတည်ပြီး တောင်းဆိုခဲ့တာဖြစ်သလို အနောက်အုပ်စုကလည်း သူတို့လိုလားတဲ့ ရုပ်သေးအစိုးရအာဏာရရေး၊ သူ့ဩဇာခံပြီး ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး ပြောသမျှခေါင်းညိတ်မယ့် လက်ဝေခံအစိုးရတစ်ရပ် ပေါ်ပေါက်လာစေဖို့ ရည်မှန်းပြီး ပိတ်ပေးဆို့ပေးနေတာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အားလုံးမှာ သူတို့စိတ်ကြိုက် အခွင့်အရေးတွေယူပြီး သူတို့နိုင်ငံအကျိုးစီးပွား၊ သူတို့အုပ်စုအကျိုးစီးပွားကို ဖော်ဆောင်သွားနိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်လည်းပါမှာ အသေအချာပါပဲ။

> ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအပေါ် စီးပွားပျက်အကျပ်ဆိုက်အောင် လူသားချင်း စာနာထောက်ထားတဲ့ အကူအညီတွေဖြတ်တောက်တာ၊ စီးပွားရေးပိတ်ဆို့အရေးယူ တာတွေဟာ သေချာတွေးကြည့်ရင် လူလူချင်းစာနာထောက်ထားမှု အကင်းမဲ့ဆုံး လုပ်ရပ်ဖြစ်။
>
> ဒီပိတ်ဆို့မှုတွေကြောင့် ပြည်သူတွေ စားဝတ်နေမှုအခက်အခဲနဲ့ ရင်ဆိုင်ကြုံတွေ့လာရ မယ်ဆိုရင် ဒါကို အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုအဖြစ် သတ်မှတ်။
>
> ဒီမိုကရေစီရေးလို့ အသံကောင်းဟစ်ပြီး လက်တွေ့မှာ စီးပွားရေးပိတ်ဆို့မှုတွေ လုပ်နေတာဟာ တကယ်တော့ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်မှုကို ခက်ခဲ အောင်၊ နှောင့်နှေးကြန့်ကြာအောင် လုပ်နေ။

တကယ်တော့ ကျွန်တော်တို့နိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအပေါ် စီးပွားပျက်အကျပ်ဆိုက်အောင် လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေဖြတ်တောက်တာ၊ စီးပွားရေးပိတ်ဆို့အရေးယူတာတွေဟာ သေချာတွေးကြည့်ရင် လူလူချင်း စာနာထောက်ထားမှု အကင်းမဲ့ဆုံး လုပ်ရပ်ဖြစ်ပါတယ်။ ဒီပိတ်ဆို့မှုတွေကြောင့် ပြည်သူတွေ စားဝတ်နေမှုအခက်အခဲနဲ့ ရင်ဆိုင်ကြုံတွေ့လာရမယ်ဆိုရင် ဒါကို အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုအဖြစ် သတ်မှတ်ရမှာပါပဲ။ ဘယ်နိုင်ငံမဆို စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှ လူနေမှုအဆင့်မြင့်လာမယ်၊ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း မြင့်လာမယ်၊ တွေးခေါ်မြော်မြင်နိုင်မှု အသိဉာဏ်ဗဟုသုတမြင့်လာမယ်၊ အခြေခံစားဝတ်နေမှုအခွင့်အရေးကွာဟချက် ကျဉ်းမြောင်းလာမယ်၊ ဒီလို အခြေခံတွေ ပြည့်စုံပြီးမှသာ ဒီမိုကရေစီရေးကို အပြည့်အဝ အောင်မြင်အောင် ကျင့်သုံးဖော်ဆောင်လာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီရေးလို့ အသံကောင်းဟစ်ပြီး လက်တွေ့မှာ စီးပွားရေးပိတ်ဆို့မှုတွေလုပ်နေတာဟာ တကယ်တော့ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်မှုကို ခက်ခဲအောင်၊ နှောင့်နှေးကြန့်ကြာအောင် လုပ်နေသလိုပါပဲ။

ပိတ်ဆို့ဒဏ်ခတ်မှုတွေဟာ ပြည်သူအများစုထက်အစိုးရနဲ့ သူနဲ့နီးစပ်တဲ့ စီးပွားရေးသမားတွေကိုပဲ ထိခိုက်စေပါတယ်လို့ သူတို့က အကြောင်းပြပါတယ်။ တကယ်တော့ နိုင်ငံနဲ့ပြည်သူဆိုတာ ရေနဲ့ကြာပါပဲ။ နိုင်ငံဆိုတဲ့ ရေမြင့်မှ ပြည်သူဆိုတဲ့ ကြာတင့်နိုင်မှာ ဖြစ်ပါတယ်။ သူတို့ပြောသလို တည်ဆဲအစိုးရကို ထိခိုက်အောင်လုပ်တာဆိုပေမယ့် အစိုးရထိခိုက်ရင် နိုင်ငံကိုရော ပြည်သူကိုပါ ထိခိုက်စေတယ်ဆိုတာ နားလည်ဖို့သင့်ပါတယ်။ ဒါကြောင့် အဲဒီပိတ်ဆို့မှုတွေဟာ အစိုးရကိုပဲ ထိခိုက်အောင် ရည်ရွယ်လုပ်ဆောင်နေတာဖြစ်ပါတယ်လို့ ဆင်ခြေ ရန်ရှောင်ပြောနေတာဟာ ဘယ်လိုမှ လက်ခံနိုင်စရာ မရှိပါဘူး။

တည်ဆဲအစိုးရဟာ ၁၉၈၈ ခုနှစ်ကစပြီး ဗဟိုကချုပ်ကိုင်တဲ့ တစ်ပါတီဆိုရှယ်လစ်စနစ်ကို ဖျက်သိမ်းပြီး ပြည်သူအများလိုလားတောင့်တနေတဲ့ တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်နဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းဖော်ဆောင်ပေးခဲ့တဲ့ အစိုးရဖြစ်ပါတယ်။ အဲဒီလို ကူးပြောင်းဖော်ဆောင်ရာမှာလည်း အနောက်ဒီမိုကရေစီကို ပုံတူမကူးဘဲ နိုင်ငံရဲ့ ပကတိအရှိတရား၊ ပြည်သူရဲ့ လူမှုဘဝနဲ့ ကိုက်ညီဆီလျော်ပြီး ချောမွေ့ညင်သာစွာ ကူးပြောင်းနိုင်အောင် အဘက်ဘက်က လမ်းခင်းမြှင့်တင်ဖော်ဆောင်ပေးနေတဲ့ အစိုးရဖြစ်ပါတယ်။ ပြည်တွင်းပြည်ပနှစ်ဖက်ညှပ်ပြီး နိုင်ငံရေး၊ စီးပွားရေး ဖိအားပေးနှောင့်ယှက်မှု အဖုံဖုံကြားထဲကနေ မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားဖြတ်သန်းပြီး နိုင်ငံနဲ့ပြည်သူကို ဒီနေ့ ဒီအခြေ ရောက်လာအောင် တည်ဆောက်မြှင့်တင်ပေးခဲ့တဲ့ အစိုးရဖြစ်ပါတယ်။ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့စည်းလုံးညီညွတ်စွာ နေ့မအား ညမနား နှစ်ပေါင်း(၂၀)ကျော် ကြိုးပမ်းဖော်ဆောင်ခဲ့ကြပေမယ့် ဒီနေ့ဒီအချိန်အထိ နိုင်ငံနဲ့ပြည်သူအတွက် လိုအပ်ချက်တွေအားလုံး ပြီးပြည့်စုံတဲ့ အဆင့် မရောက်နိုင်သေးတာဟာ ဒီပိတ်ဆို့ဖိအားပေးနှောင့်ယှက်မှုတွေကြောင့်ဆိုတာ အထူးပြောဖို့ မလိုတော့ပါဘူး။

အနောက်နိုင်ငံတွေရဲ့ တစ်ဖက်သတ် စီးပွားရေးပိတ်ဆို့အရေးယူမှုကြောင့် နိုင်ငံနဲ့ပြည်သူအတွက် အများကြီး ထိခိုက်နစ်နာခဲ့ရပါတယ်။ အရှိန်ရစပြုလာတဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ကို ပြန်ရုပ်သိမ်းသွားတာ၊ လက်ရှောင်သွားတာ အများကြီးရှိခဲ့သလို Global Fund လို ပြည်ပအထောက်အပံ့တွေဆိုတာလည်း မရှိသလောက်ကို ဖြစ်ခဲ့ပါတယ်။ ပို့ကုန်သွင်းကုန်ဆိုင်ရာ တားဆီးပိတ်ဆို့မှုတွေကြောင့် ကုန်ပစ္စည်းထုတ်လုပ်မှု၊ တင်ပို့ရောင်းချမှု၊ တင်သွင်းမှု၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု စသဖြင့် အဘက်ဘက်မှာ ထိခိုက်နစ်နာဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတာ ပြည်သူအားလုံးသိပါတယ်။ နိုင်ငံရဲ့စီးပွားဖွံ့ဖြိုးမှုကို ထိခိုက်စေခဲ့သလို တစ်ဖက်ကလည်း ပြည်သူအများစုရဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ဆုံးရှုံးခဲ့ရပါတယ်။ စက်ရုံပိတ်ခဲ့ရတဲ့ အလုပ်သမားတွေရဲ့ အလုပ်လက်မဲ့ပြဿနာ၊ သူတို့ကို မှီခိုနေရတဲ့ မိသားစုဝင်တွေရဲ့ စားဝတ်နေရေးပြဿနာတွေဟာ ဒီ Sanction ကြောင့်ဆိုတာ အထင်အရှားပါပဲ။ အလားတူ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွေကို ပိတ်ဆို့ခဲ့လို့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကြီးတွေသာမက အဲဒီခရီးသွားလုပ်ငန်းအပေါ် မှီခိုနေရတဲ့ အမှတ်တရပစ္စည်း အရောင်းဆိုင်၊ စားသောက်ဆိုင်၊ နောက်ဆုံး အငှားယာဉ်မောင်း၊ ဆိုက်ကားသမားအထိ ထိခိုက်နစ်နာမှုတွေဟာ ပြန်ပြောရရင် တစ်ထောင့်တစ်ညပုံပြင်ထက် လျော့ဖို့မရှိပါဘူး။ ပြည်သူတွေ ကြုံတွေ့ခံစားခဲ့ရတဲ့ ဒီဆင်းရဲဒုက္ခပေါင်းစုံရဲ့ အဓိကတရားခံကတော့ ဒီ Sanction ကို တခုတ်တရ တောင်းဆိုခဲ့တဲ့ပုဂ္ဂိုလ်တွေနဲ့ ကိုယ်ကျိုး

စီးပွားသက်သက်...
ထောက်ထားမှုက...
ချမှတ်ဆောင်ရွက်...
တယ်။
ဖတ်မှတ်မိ...
တည်းက တစ်ကမ္ဘ...
ကျော်လုပ်ခဲ့တယ်...
မှာလည်း ဒီမိုကရေ...
များပါတယ်။ ဒါဝေ...
ဒီမိုကရေစီနိုင်ငံ ပြ...
သေးပါဘူး။ ပိတ်ဆ...
နိုင်ငံချုတ်ခြုံကျသွ...
နည်းကိုယ့်ဟန်နဲ့ ပြ...
ပိတ်ဆို့အရေးယူမှု...
လှပါတယ်။ ဒီမိုက...
သံတစ်လမ်းပါ။
**တကယ်တမ်...
ဖိနှိပ်သွတ်သွင်းပုံ...
သာဆုံး တွေ့နိုင်...
စီးပွားရေးပိတ်ဆို့...
ကရေစီထူထောင်...
ဝိုင်းတားတဲ့ကြား...
တကယ်တော့ အီရ...
စစ်ပွဲပါပဲ။ သို့သေ...
အကြောင်းပြနေရ...
သေချာပြန်သုံးသ...
တွေရဲ့ တကယ်အ...
ကိုယ်ကျိုးစီးပွား...
သန်းချီတဲ့ အီရတ်...
ဘယ်သူက ပြန်ပေ...
စတေးခံမှာလဲ။ ဒီ...**
အခုအချိန်...
ပြောင်းလဲနေပါပြီ...
သစ်ဖွဲ့စည်းတော့...
ကရေစီနိုင်ငံတော်...
မောမော အသွင်...
တယ်။ ဒီလို တစ်...
ထင်သာမြင်သာရှိ...
မှုတွေကို ပြန်လည်...
တညီတညွတ်တည...
နိုင်ငံရေးပါတီတွေ...
ပိတ်ဆို့မှုတွေကို...
ကြပါတယ်။ လတ်...
(NDF) ခေါင်းဆေ...

တစ်ဖ...
အဓိကတာ...
နိုင်ငံကြီးမေ...
အဲဒီ ပိ...
အတွက် အ...
နေတာကိုပ...
သူတို့...
တွေကို ဖ...
နေကြ။

စီးပွားသက်သက်ကိုကြည့်ပြီး သူတစ်ပါးနိုင်ငံနဲ့ ပြည်သူအပေါ် စာနာထောက်ထားမှုကင်းမဲ့စွာ ပိတ်ဆို့အရေးယူမှုကို လက်လွတ်စပယ် ချမှတ်ဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံကြီးတွေပါပဲ။ ဒါကို ပြည်သူက သိပါတယ်။

ဖတ်မှတ်မိသလောက်ပြောရရင် အမေရိကန်အစိုးရ တစ်ရပ်တည်းက တစ်ကမ္ဘာလုံးမှာ စီးပွားရေးပိတ်ဆို့ အရေးယူမှုပေါင်း (၆၀) ကျော်လုပ်ခဲ့တယ်လို့ဆိုပါတယ်။ လုပ်ခဲ့သမျှ ပိတ်ဆို့အရေးယူမှုတိုင်းမှာလည်း ဒီမိုကရေစီရေးကို အကြောင်းပြပြီး ထင်တိုင်းကြဲခဲ့တာက များပါတယ်။ ဒါပေမယ့် ယခုထက်ထိတော့ အဲဒီပိတ်ဆို့မှုတွေကြောင့် ဒီမိုကရေစီနိုင်ငံ ဖြစ်သွားရပါတယ်ဆိုတဲ့ နိုင်ငံမျိုး တစ်နိုင်ငံမှ မကြားမိသေးပါဘူး။ ပိတ်ဆို့အရေးယူမှုကြောင့် ပြည်သူတွေ ဒုက္ခပင်လယ်ဝေပြီး နိုင်ငံချွတ်ခြုံကျသွားတာမျိုးအချို့ရှိသော်လည်း အများစုကတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြံ့ကြံ့ခံပြီး ကိုယ့်ခရီးကို ဆက်နေကြဆဲပါ။ ပြောရရင် ပိတ်ဆို့အရေးယူမှုကြောင့် ဒီမိုကရေစီဖြစ်လာနိုင်ဖို့ဆိုတာ ဝေးလွန်းလှပါတယ်။ ဒီမိုကရေစီနဲ့ ပိတ်ဆို့အရေးယူမှုဆိုတာ ပြဒါးတစ်လမ်း သံတစ်လမ်းပါ။

တကယ်တမ်းပြောရရင် ဒီမိုကရေစီကို ဒီလိုမျိုး အတင်းအဓမ္မ ဖိနှိပ်သွတ်သွင်းပုံဖော်လို့ မရနိုင်ပါဘူး။ ဥပမာ အီရတ်နိုင်ငံကိုပဲ အမြင်သာဆုံး တွေ့နိုင်ပါတယ်။ အမေရိကန်ဟာ အီရတ်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုတွေနဲ့ စတင်ခဲ့ပြီး အာဏာရှင်တိုက်ဖျက်ရေး၊ ဒီမိုကရေစီထူထောင်ရေးဆိုတဲ့ အကြောင်းပြချက်တွေနဲ့ တစ်ကမ္ဘာလုံး ဝိုင်းတားတဲ့ကြားက အတင်းအဓမ္မ ကျူးကျော်စစ်ခင်းခဲ့ပါတယ်။ တကယ်တော့ အီရတ်ရဲ့ ရေနံကို လက်ဝါးကြီးအုပ်နိုင်ဖို့ ကျူးကျော်တဲ့ စစ်ပွဲပါပဲ။ သို့သော် အခုအချိန်မှာ အီရတ်ဘာဖြစ်နေပြီလဲ။ သူတို့ အကြောင်းပြနေတဲ့ ဒီမိုကရေစီဆိုတာရော တကယ်ရနေပြီလား။ သေချာပြန်သုံးသပ်ကြည့်ရင် ပိတ်ဆို့အရေးယူသူ၊ ကျူးကျော်သူတွေရဲ့ တကယ်အဖွဲ့တ္တအမှန်ကို မြင်နိုင်ပါတယ်။ ကျူးကျော်သူတို့ရဲ့ ကိုယ်ကျိုးစီးပွားသက်သက်အတွက် နင်းချေဖျက်ဆီးခံခဲ့ရတဲ့ သိန်းသန်းချီတဲ့ အီရတ်ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ဘယ်သူက ပြန်လျော်ပေးမှာလဲ။ ဘယ်သူကများ ပြန်ပြီးပေးဆပ်စတေးခံမှာလဲ။ ဒီနေ့အီရတ်ကိုကြည့်ရင် အထင်းသားမြင်သာပါတယ်။

အခုအချိန်မှာ မြန်မာနိုင်ငံရဲ့အခြေအနေဟာ အချိန်နဲ့အမျှ ပြောင်းလဲနေပါပြီ။ လွှတ်တော်အစည်းအဝေးတွေ ကျင်းပပြီး အစိုးရသစ်ဖွဲ့စည်းတော့မယ့် အခြေအနေဟာ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို တည်ငြိမ်အေးချမ်းမှုမပျက် ချောချောမောမော အသွင်ကူးပြောင်းနိုင်ဖို့အတွက် ခြေလှမ်းသစ်တွေ ဖြစ်ပါတယ်။ ဒီလို တစ်နေ့တခြား အပြုသဘော တိုးတက်ပြောင်းလဲမှုတွေ ထင်သာမြင်သာရှိလာတဲ့အတွက် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုတွေကို ပြန်လည်ရုပ်သိမ်းသင့်ပါပြီဆိုပြီး အာဆီယံနိုင်ငံအားလုံးက တညီတညွတ်တည်း တောင်းဆိုခဲ့ပါတယ်။ အလားတူ ပြည်တွင်းက နိုင်ငံရေးပါတီတွေ၊ ဝါရင့်နိုင်ငံရေးသမားတွေကလည်း ဒီအရေးယူပိတ်ဆို့မှုတွေကို အမြန်ဆုံးပြန်လည်ရုပ်သိမ်းပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။ လတ်တလောကာလမှာပဲ အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ခေါင်းဆောင်တစ်ဦးက အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရောက်စေချင်တယ်ဆိုရင် စီးပွားရေးပိတ်ဆို့မှုတွေကို ပြန်လည်ရုပ်သိမ်းဖို့ လိုအပ်နေပြီ၊ အထူးသဖြင့် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပိတ်ဆို့မှုတွေကို ရုပ်သိမ်းဖို့ လိုတယ်ဆိုပြီး ထုတ်ပြန်ကြေညာသွားခဲ့ပါတယ်။ စီးပွားရေးပိတ်ဆို့ အရေးယူမှုတွေကြောင့် မြန်မာနိုင်ငံအနေနဲ့ အခွင့်အလမ်းတွေ လက်လွတ်ဆုံးရှုံးနေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ လမ်းစကို ဟန့်တားရာရောက်နေတယ်လို့လည်း ဆိုခဲ့ပါသေးတယ်။

သို့သော် တစ်ဖက်က အပြုသဘော ရှုမြင်သုံးသပ်တောင်းဆိုမှုတွေ ရှိနေပေမယ့် ဒီပြဿနာမှာ အဓိကတာဝန်ရှိတဲ့ အုပ်စုကတော့ စီးပွားရေးပိတ်ဆို့မှုတွေကို ဆက်လုပ်ဖို့ သက်ဆိုင်ရာနိုင်ငံကြီးတွေကို နည်းလမ်းအမျိုးမျိုးနဲ့ ချဉ်းကပ်တောင်းဆိုနေကြတုန်းပါပဲ။ ဒါ့အပြင် အဲဒီ ပိတ်ဆို့အရေးယူမှုတွေနဲ့ ပတ်သက်ပြီး ပြုပြင်မွမ်းမံနိုင်မယ့် သဘောတူညီမှုရရှိရေးအတွက် အနောက်နိုင်ငံတွေနဲ့ ညှိနှိုင်းဆွေးနွေးလိုကြောင်း မျက်နှာပြောင်လွန်းလှစွာနဲ့ တောင်းဆိုနေတာကိုလည်း တွေ့ရပါတယ်။ ရှေ့ကဖုံးသမျှ ကုန်းတော့မှပေါ်ဆိုတာ ဒါမျိုးကို ဆိုလိုတာထင်ပါရဲ့။ သူတို့က ဒီလိုတောင်းဆိုနေသလို တစ်ဖက်နိုင်ငံကြီးတွေကလည်း စီးပွားရေးပိတ်ဆို့မှုတွေကို ဖယ်ရှားဖို့အချိန်ဟာ စောနေသေးတယ်ဆိုပြီး အတိုင်အဖောက်ညီညီ လေသံပစ်နေကြပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဈေးကွက်စီးပွားရေးအတွက် တံခါးဖွင့်ခဲ့ပေမယ့် ဒီပိတ်ဆို့အရေးယူမှုတွေကြောင့် ရှေ့ကိုတိုးမယ့်ခြေလှမ်း နောက်ပြန်ဆွဲခံရသလို ထိခိုက်ခဲ့ရပါတယ်။ နိုင်ငံ့စီးပွား ထိခိုက်နစ်နာခဲ့မှုတော့ ပြည်သူတွေရဲ့ စီးပွားရေးလည်း ထိခိုက်နစ်နာဆုံးရှုံးခဲ့ရတာဘာမှမဆန်းလှပါဘူး။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေဟာလည်း မှန်းသလောက် ခရီးမပေါက်နိုင်ခဲ့လေတော့ ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးဆုံးရှုံးခဲ့ရတာလည်း အမှန်ပါပဲ။ ပုဆိန်ရိုးအုပ်စုကသာ ဒီပိတ်ဆို့အရေးယူမှုဆိုတာကို မတောင်းဆိုခဲ့ရင် အခုလောက်ဆို ကျွန်တော်တို့ အများကြီးရှေ့ကိုရောက်နေလောက်ပါပြီ။

နိဂုံးချုပ်အနေနဲ့ပြောရရင် ကိုယ်စခဲ့တဲ့ဇာတ်ကို ကိုယ်ပြန်သိမ်းပေးဖို့ တာဝန်ရှိပါတယ်။ အတ္တကိုယ်ကျိုးစီးပွားအတွက် နိုင်ငံနဲ့ ပြည်သူကို ချနင်းစတေးရက်ခဲ့တဲ့ အမှားကို ဝန်ချတောင်းပန်ပြီး အချိန်မီ ပြုပြင်နိုင်ဖို့ လိုပါတယ်။ ပိတ်ဆို့အရေးယူမှုတွေကြောင့် ပြည်သူကို လုံးဝမထိခိုက်ဘဲ အစိုးရကိုသာ ထိခိုက်စေတာဖြစ်ပါတယ်ဆိုတဲ့ ဝေ့လည်ကြောင်ပတ်စကားမျိုးကိုလည်း လျှာအရိုးမရှိတိုင်း လွယ်လွယ်ပေါ့ပေါ့ မပြောသင့်တော့ပါဘူး။ ကိုယ့်ရဲ့ မိုက်မိုက်မဲမဲ လုပ်ရပ်ကြောင့် ဖြစ်ပေါ်လာတဲ့ နိုင်ငံနဲ့ ပြည်သူရဲ့ ထိခိုက်ဆုံးရှုံးနစ်နာမှုအားလုံးကိုလည်း တည်ဆဲအစိုးရရဲ့ စီမံခန့်ခွဲမှုညံ့ဖျင်းမှုကြောင့်ပါဆိုပြီး တစ်ဖက်သတ်လက်ညှိုးထိုး အပြစ်ပုံချတာမျိုး မလုပ်သင့်တော့ပါဘူး။ ခေတ်ပြောင်းစနစ်ပြောင်း ကာလတစ်ခုမှာ အနာဂတ်ခရီးကို ပိတ်ဆို့အရေးယူမှုကင်းကင်းနဲ့ ခြေလှမ်းသွက်သွက် ခရီးဆက်နိုင်ဖို့ အချိန်တန်နေပြီဖြစ်ပါကြောင်း မီးမောင်းထိုး တင်ပြလိုက်ရပါတယ်။ ။

> တစ်ဖက်က အပြုသဘော ရှုမြင်သုံးသပ်တောင်းဆိုမှုတွေ ရှိနေပေမယ့် ဒီပြဿနာမှာ အဓိကတာဝန်ရှိတဲ့ အုပ်စုကတော့ စီးပွားရေးပိတ်ဆို့မှုတွေကို ဆက်လုပ်ဖို့ သက်ဆိုင်ရာနိုင်ငံကြီးတွေကို နည်းလမ်းအမျိုးမျိုးနဲ့ ချဉ်းကပ်တောင်းဆိုနေ။
>
> အဲဒီ ပိတ်ဆို့အရေးယူမှုတွေနဲ့ ပတ်သက်ပြီး ပြုပြင်မွမ်းမံနိုင်မယ့် သဘောတူညီမှုရရှိရေးအတွက် အနောက်နိုင်ငံတွေနဲ့ ညှိနှိုင်းဆွေးနွေးလိုကြောင်း မျက်နှာပြောင်လွန်းလှစွာနဲ့ တောင်းဆိုနေတာကိုလည်း တွေ့ရ။
>
> သူတို့က ဒီလိုတောင်းဆိုနေသလို တစ်ဖက်နိုင်ငံကြီးတွေကလည်း စီးပွားရေးပိတ်ဆို့မှုတွေကို ဖယ်ရှားဖို့အချိန်ဟာ စောနေသေးတယ်ဆိုပြီး အတိုင်အဖောက်ညီညီ လေသံပစ်နေကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၂-၂၀၁၁ (စနေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ကိုယ့်အလိုကိုယ့်ဆန္ဒ ကိုယ်ဖြည့်နေကြသည်" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁၉)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၆)**
- ၈း၄၀ Emperor Love Concert (Part-5)
- ၉း၂၀ Arirang ၏အောင်မြင်မှု
- ၉း၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၀၀ အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း (ဒေါက်တာခင်သိန်းဦး၊ တင်မိုးလွင်၊ မေသန်းနု၊ ခိုင်သင်းကြည်၊ မေသူ)
- ၁၀း၂၅ သွားမယ်စားမယ် (Doreen)
- ၁၁း၀၀ Goals of the week
- ၁၁း၃၀ အစွမ်းထက်တာအမှန်ပင် ဆေးမှာဘုရင် "မိခင်"
- ၁၁း၅၀ ပန်းချီပြခန်း (ပန်းချီဝင်းဖေမြင့်ရဲ့ 100 Portraits By WPM ပန်းချီပြပွဲ)
- ၁၂း၀၅ ရင်းနှီးဖိတ်ခေါ် နွဲ့ပျော်စရာ. . . ချောင်းသာကမ်းခြေသာ
- ၁၂း၂၅ ရန်ကုန်မြင်ကွင်းကျယ် (Toshiba 25th Anniversary Celebration and Product Launch စာနယ်ဇင်း ရှင်းလင်းပွဲနှင့် ညည့်ခံပွဲ)
- ၁၂း၄၅ ဘဒ္ဒန္တသူရိယ(မဟာသဒ္ဓမ္မဇောတိကဓဇ)၏ဝိဇာတမင်္ဂလာနှင့် ပရဟိတရှင်ပြုအလှူတော်မင်္ဂလာ
- ၁း၀၀ "ကိုယ့်အလိုကိုယ့်ဆန္ဒ ကိုယ်ဖြည့်နေကြသည်" တရားတော် (ဆရာတော်ဓမ္မဒူတဒေါက်တာ အရှင်ဆေကိန္ဒ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Golden Rose Condominium အရောင်းပြခန်းဖွင့်ပွဲအခမ်းအနား
- ၂း၄၅ အထက ကျုံဒိုးကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ
- ၂း၅၀ သုဝဏ္ဏဘူမိမှ သာသနာ့ခက်ဝေငါးဆူမြေ
- ၃း၀၅ ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၇၅-၇၉ ခုနှစ် ဓာတုဗေဒ/ ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ)
- ၃း၃၀ ဟိုတယ်လမ်းညွှန် (Ecotourism ရဲ့ပန်းတစ်ပွင့်)
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၆)**
- ၄း၄၅ "လမ်းညွှန်ကာသတင်းပေး သင့်ကျန်းမာရေး" (သီရိချိုင်းနိုင်ငံတကာအဆင့်မြင့် ဆေးရုံမိတ်ဆက်ခြင်း)
- ၅း၀၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာဘုတ်ဘုတ်ရဲ့ ပွဲတက်ဝတ်စုံများ)
- ၅း၂၅ Movie Talk (အသာမစံအနာခံလူကြမ်းများ) (အပိုင်း-၇)
- ၅း၅၀ ရန်ကုန်မြင်ကွင်းကျယ် (MCC Launching of the MCC 2011 Summer Kids)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ဝန်ဆောင်မှုမြင့်မား ကမ္ဘာ့လေကြောင်းလိုင်းများ Bangkok Airways
- ၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၀)**
- ၇း၂၀ Emperor Love Concert (Part-6)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ရာစုသစ်ဗိသုကာလက်ရာများနှင့် ပျော်ရွှင်ဈေးဝယ်စရာ တော်ဝင်စင်တာ
- ၈း၅၀ Kids Show (ရွှေပြည်နန်းကလေးသရုပ်ဆောင်ပြိုင်ပွဲ)
- ၉း၃၀ FA Cup (Birmingham Vs Sheffield)
- ၁၁း၂၅ VJ Choice
- ၁၁း၄၅ FA Cup (Man U Vs Crawley Town)
- ၁း၄၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"အရိပ်စစ်" (အပိုင်း-၁၃၇)**
- ၂း၂၅ ဆီးချိုကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါကို ကာကွယ်တားဆီးခြင်း (ပါမောက္ခဒေါက်တာစောနောင်)
- ၂း၅၅ အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှ စက်မှု(၁)၏ ကြွေပြားအလှ
- ၃း၁၀ World of Knowledge (Perilous Journeys Crossing The Himalaya)
- ၄း၀၀ သီးနှံစိုက်ပျိုးအထွက်တိုး "စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင်စိုက်ကြစို့"
- ၄း၀၅ ချောင်းကမ်းဘေးကရွာကလေး (နွဲ့နွဲ့စန်း၊ ထင်ပေါ်၊ တြိကို၊ သဇင်) [ဒါရိုက်တာ-မြင့်စိုး(ဝ/သ ရန်ကုန်)]
- ၄း၁၅ ဓနုဖြူမြို့ရဲ့အထင်ကရနေရာများ ဆီသို့ အလည်တစ်ခေါက်
- ၄း၂၀ စေတနာအစွမ်းဖြင့် ချမ်းမြေ့သာယာဘိုးဘွားရိပ်သာ
- ၄း၄၀ ဆင်စွယ်ပန်းပုအခြေပြု လှူလောကကိုအလှဆင်မည်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၆း၅၅	Chelsea	-	Everton	STAR SPORTS (Live)
၉း၀၀	Birmingham	-	Sheffield	STAR SPORTS (Live)
၉း၂၅	Stoke City	-	Brighton	ESPN (Live)
၁၁း၃၀	Man U	-	Crawley Town	STAR SPORTS (Live)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

စီးပွားဖြစ် သစ်ခွစိုက်ပျိုးခြင်းသင်တန်း ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် စီးပွားဖြစ်သစ်ခွစိုက်ပျိုးခြင်းသင်တန်း (၁/၂၀၁၁) ကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံးခန်းမဆောင်၌ သင်တန်းသား၊ သင်တန်းသူ ၄၀ ဖြင့် ဖွင့်လှစ်ရန်စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် ငွေကျပ် ၁၅၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၄၅)

INDIAN PHARMA EXPO-2011 ပြပွဲဖွင့်ပွဲ၊ စွယ်တော်မြတ်စေတီ အလှူငွေပေးအပ်ပွဲ၊ မဟာဝိဇယစေတီ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားများ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များ အဖွဲ့ချုပ် (MIBC) နှင့် အိန္ဒိယနိုင်ငံ၏ ဆေးဝါးတင်ပို့မှု အရောင်းမြှင့်တင်ရေးကောင်စီ (PHARMEXCIL) တို့က စီစဉ်ကျင်းပသည့် INDIAN PHARMA EXPO-2011 ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr. Villur Sundararajam Seshadri နှင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး တာဝန်ရှိသူတစ်ဦးက ပြပွဲနှင့်စပ်လျဉ်းသော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် အိန္ဒိယသံအမတ်ကြီးတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များသည် အိန္ဒိယဆေးနှင့် ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးသည် မရမ်းကုန်းမြို့နယ်ရှိ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူတို့နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနနှင့် တပ်ရင်း/တပ်ဖွဲ့များက ပေးအပ်လှူဒါန်းသော အလှူငွေများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းသော အလှူငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးသည် စွယ်တော်မြတ်စေတီတော် ဘက်စုံပြုပြင်မွမ်းမံနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော် (၂၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူတို့နှင့်အတူ ထမနဲထိုးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးသည် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ရေချမ်း၊ဆီမီး ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကာ စုပေါင်းထမနဲထိုး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် အိန္ဒိယသံအမတ်ကြီးတို့ INDIAN PHARMA EXPO-2011 ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

MDEVS မိသားစု မိတ်ဆုံညစာစားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာန ဖွံ့ဖြိုးမှုပညာမဟာဘွဲ့သင်တန်း (MDEVS) မိသားစု၏ ပထမအကြိမ်စုံညီမိတ်ဆုံ ညစာစားပွဲကို မတ် ၁၂ရက်(စနေနေ့) ညနေ ၆ နာရီတွင် Park Royal Hotel ၌ ကျင်းပမည်ဖြစ်ရာ ဒေါ်နန်းညွန့်မေ ဖုန်း-၀၉-၄၉၇၇၇၆၀၂၊ ဒေါ်နီလာဝင်း ဖုန်း-၀၉-၅၀၀၃၇၀၆၊ ဦးအောင်မြင်ထွန်း ဖုန်း-၀၉-၅၁၅၈၃၂၁၊ ဒေါ်ခိုင်သီထွန်း ဖုန်း-၀၉-၅၁၀၁၄၅၃၊ ဒေါ်ထက်မြတ်ကို ဖုန်း-၀၉-၅၁၀၄၈၆၄၊ ဒေါ်စံပယ်လွင် ဖုန်း-၀၉-၅၁၆၀၈၁၁၊ ဒေါက်တာအေးမြတ်လွင် ဖုန်း-၀၉-၅၁၁၅၇၈၉၊ ဦးသီဟထွန်း ဖုန်း-၀၉-၅၀၁၁၀၃၈၊ ကိုထွန်းဇော်မိုးဟန် ဖုန်း-၀၉-၅၀၃၉၁၁၈၊ ကိုတင်ကိုဦး ဖုန်း-၀၆၇-၄၁၉၀၁၆၊ မအေးမြတ်လှိုင် ဖုန်း-၀၁- ၅၃၁၀၄၇၊ ကိုရဲသူအောင် ဖုန်း-၀၁- ၇၃၀၇၆၆၃၄၊ ကိုညီညီမောင် ဖုန်း-၀၉-၈၆၃၀၈၄၉၊ မအိမွန်သင်း ဖုန်း-၀၁- ၇၃၁၂၅၆၃၄နှင့် ကိုအောင်ထွန်း ဖုန်း-၀၉-၅၁၄၅၉၇၀တို့သို့ ဆက်သွယ်၍ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(ကြေးမုံ)

Automobile & Living Products Show တပ်မတော်ခန်းမ၌ ခင်းကျင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

CONQUEST ORGANIZING GROUP က ကြီးမှူးပြီး ရွှေသံလွင်ကုမ္ပဏီ (SKY NET) ၏ အဓိကပံ့ပိုးကူညီမှုဖြင့် Automobile & Living Products Show ကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသလျက်ရှိသည်။ **(ယာပုံ)**

ပြပွဲတွင် မော်တော်ယာဉ်နှင့် ယာဉ်အပိုပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ စက်ဆီ၊ ချောဆီ၊ ဘက်ထရီ၊ တာယာနှင့် လူသုံးကုန်ပစ္စည်းများ၊ ရုပ်မြင်သံကြား ဖျော်ဖြေရေးစနစ်များ၊ ပရိဘောဂများ၊ အလှကုန်၊ အဝတ်အထည်နှင့် စားသောက်ကုန်တို့ကို ခင်းကျင်းပြသထားသည်။

အဆိုပါ ပြပွဲတွင် ရွှေသံလွင်ကုမ္ပဏီ (SKY NET)၊ Myanmar Kowa Co., Ltd., Home Distribution Group, Mega Live Science, စိန်နှင့်မြ၊ Lucky Man, Home Glory, Maung Kyaw Win, Zay Man Taing Co., Ltd., Billion Bright, San Ngwe Yaung Co., Ltd., Naing Brothers, Living Energy, Alpha Co., Ltd., Mya Pan War Co., Ltd. အပါအဝင် ကုမ္ပဏီပေါင်း ၄၀ တို့ ပါဝင် ပြသကြသည်။

ပြပွဲတွင် UNIQUE Model Agency က ပြပွဲသို့ လာရောက်သည့် ပရိသတ်များအား ဖျော်ဖြေတင်ဆက်ပြီး ပါဝင်ပြသရောင်းချသည့် ကုမ္ပဏီများကလည်း လျှော့ဈေးများ၊ လက်ဆောင်များ ပေးအပ်ပြီး အရောင်းမြှင့်တင်ရေး အစီအစဉ်များဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

မြို့နယ်၊ ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲဝင်များအား ဂုဏ်ပြုလွှာပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲနှင့် အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲက မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို လှိုင်မြို့နယ် လှိုင်မင်္ဂလာခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၁ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော်၊ အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မိုးမြင့်နှင့် အဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်းသိရသည်။ (၅၄၃)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လင့်စင်ကုန်း-စပါယ်ကုန်း-သိမ်ကုန်း-မဲကုန်း-ရွာသစ်ကျေးရွာချင်းဆက်လမ်းကို ဖေဖော်ဝါရီ ၆ရက်တွင် ရမည်းသင်းခရိုင်တပ်နယ်မှူး၊ ရမည်းသင်းခရိုင်ဥက္ကဋ္ဌနှင့် ပျော်ဘွယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ဖေဖော်ဝါရီ ၅ ရက်က ကော့သောင်းမြို့ ဗိုလ်ဆွန်ပက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မိုးမြင့် လှိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်မြင့်ထံ ဂုဏ်ပြုလွှာပေးအပ်စဉ်။
(၅၄၃)

KNU အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ဒေသခံပြည်သူလေးဦးသေဆုံး သုံးဦးဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

KNU အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဝါးဘိုးတောဒေသ၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီခန့်တွင် KNU အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ဒေသခံ ဦးဇော်လေးထူး၏ ရှောက်ခြံအတွင်း လက်နက်ကြီး ဗုံးသီးများကျရောက်ပေါက်ကွဲပြီး ခြံအလုပ်သမားလေးဦးသေဆုံးကာ သုံးဦးဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရလူနာသုံးဦးအား ရွှေကျင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည် ငြိမ်ငြိမ်ထားပါ။
(ခ) ကြိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ထပ်ပိုးလွှာခင်း

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် အမှတ်(၁၂)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်ဦး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးမင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ရွှေတိဂုံစေတီတော် ၁၃၇၂ခုနှစ် စတုတ္ထအကြိမ် မြန်မာ့ရိုးရာ ထမနဲပွဲတော်(ထမနဲထိုးပြိုင်ပွဲ)ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရွှေတိဂုံစေတီတော် ၁၃၇၂ ခုနှစ် စတုတ္ထအကြိမ် မြန်မာ့ရိုးရာ ထမနဲပွဲတော် (ထမနဲထိုးပြိုင်ပွဲ) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက် ညနေ ၄ နာရီတွင် စေတီတော် အရှေ့ဘက်အောက်ပစ္စယာ ထန်းပင်ကုန်းကွင်း၌ ကျင်းပရာ ပွဲတော်ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးစိန်ဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ဗဟိုကော်မတီ ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာတင်သိန်းလွင်နှင့် ဦးကျော်ထွန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆုချီးမြှင့်

ထို့နောက် ထမနဲထိုးပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်အသင်း (၃၆) သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် အသင်းများအား ဆုငွေနှင့်ဆုကလပ်တို့ကို ပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ၂၀၁၁ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ဘောလုံးလုပ်ငန်းများ၊ အနာဂတ်ဘောလုံးစီမံကိန်းလုပ်ငန်းများ၊ ယခုနှစ်အတွင်း ယှဉ်ပြိုင်သွားမည့် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများ၊ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည့် နိုင်ငံတကာပွဲများနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ဥက္ကဋ္ဌ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၄ နာရီတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ လက်ရွေးစင်အသင်း အဆင့်ဆင့်အတွက် ခန့်ထားသည့် နိုင်ငံခြားနည်းပြဆရာများနှင့် အသင်းတာဝန်ရှိသူများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်(**အပေါ်ပိုု**)က လက်ရှိ မြန်မာ့ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊လူငယ်စီမံကိန်းလုပ်ငန်းများ၊ နိုင်ငံတကာဘောလုံးပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ဆောင်ရွက် ထားမှုများ၊ယခုနှစ်အတွင်း ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိရန် ပြင်ဆင်ဆောင်ရွက်နေမှုများ၊လာမည့် မတ်လအတွင်း FIFA ဥက္ကဋ္ဌ လာရောက်လည်ပတ်မည့် ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းချက်ကို ဥက္ကဋ္ဌဦးဇော်ဇော်၊ အမှုဆောင်အရာရှိချုပ် ဦးသန်းဇော်နှင့် လက်ရွေးစင်အသင်းနည်းပြ ဇီဗာဒိနိုဗစ်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၏ ဖိတ်ကြားချက်အရ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မစ္စတာဂျိုးဇက်ဆပ်ဘလတ္တာသည် မြန်မာနိုင်ငံသို့ မတ် ၁၅ရက်မှ ၁၆ ရက်အထိ လာရောက်လည်ပတ်မည်ဖြစ်ပြီး မန္တလေးမြို့ရှိ မြန်မာဘောလုံးအကယ်ဒမီကို တရားဝင်ဖွင့်လှစ်ပေးမည့်အပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဘောလုံးဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ကွင်းသစ်များ တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုလေ့လာသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးအောင်မော်)-ဒေါ်အေးသန့်တို့၏ သားထွေး

မောင်တင်ဝင်းအောင်(ခ)ထွန်းထွန်း

B.Sc(Hons:)GEOLOGY

နှင့်

ရန်ကုန်မြို့နေ (ဦးသိန်း)-ဒေါ်ကျင်မြ၊ (ဦးသိန်းမောင်-ဒေါ်သိန်း)တို့၏မြေး၊
ဦးသန်းလွင်(ငွေဇာပုလဲကုမ္ပဏီ)-(ဒေါ်တင်)တို့၏ သမီးထွေး

မသွယ်သွယ်နိုင်(ခ)မနိုင်

B.Sc(Hons:)GEOLOGY

(ငွေဇာပုလဲကုမ္ပဏီ)

တို့၏ ၄-၂-၂၀၁၁ရက်(သောကြာနေ့)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်စုငယ်အားလည်းကောင်း၊ မင်္ဂလာအသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဦးအေးဟန်နှင့် ဒေါ်သီသီမာ၊ ချစ်သူငယ်ချင်း ကိုသန့်ဇင်အောင်နှင့် မသိင်္ဂီချစ်ချစ်ချောတို့အားလည်းကောင်း၊ ၁၁-၂-၂၀၁၁ရက်(သောကြာနေ့)တွင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးသို့လည်းကောင်း၊ ၁၈-၂-၂၀၁၁(သောကြာနေ့)တွင် Sedona Hotel(Ballroom) ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ဆင်မြန်းပေးပါသော ဦးအောင်သိန်း[ဒုတိယဝန်ကြီး(ငြိမ်း)၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန]နှင့် ဇနီး ဒေါ်ခင်မြနွယ်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးပါသော မဟန်သာနွယ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးပါသော မခိုင်မွန်ဇော်၊ မင်္ဂလာလက်ထပ်လက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မမိုးမိုးဆွေ၊ မင်္ဂလာရှေ့တော်ပြေးအဖြစ်လျှောက်လှမ်းပေးပါသော မောင်ကျော်ခန့်ကိုကို၊ မင်္ဂလာသတို့သားအရံမောင်ရဲရန်နိုင်ဆွေ၊ မင်္ဂလာသတို့သမီးအရံ မဥမ္မာကြည်၊ မေတ္တာဖြင့် မင်္ဂလာအခါတော်ပေးသီချင်းကို စောင်းဖြင့်တီးခတ်သီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသော Emperor တေးဂီတအဖွဲ့၊ ကိုဇော်ဝင်းထွဋ်နှင့် တေးသံရှင်များ၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးပါသော မမဍူ(Zu Zu Collection)၊ မိတ်ကပ်နှင့်ဆံပင် အလှဖန်တီးပေးပါသော ကိုမာနှင့်အဖွဲ့၊ မင်္ဂလာလက်ကိုင်ပန်းနှင့် ပန်းအလှဆင်ပေးပါသော မစန်းစန်းဦး၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ရိုက်ကူးပေးပါသော ဦးအောင်လွင်နှင့်အဖွဲ့သားများ၊ ကိုစိုးသန်း(ထူးသစ်အောင်)နှင့်အဖွဲ့သားများ၊ မင်္ဂလာဖိတ်စာများကို ရိုက်နှိပ်ပေးပါသော Loveပုံနှိပ်တိုက်၊ မင်္ဂလာခန်းဝင်ပရိဘောဂများကို စိတ်တိုင်းကျ ပုံဖော်ဖန်တီးပေးပါသော Uni Teak Co., Ltd. မှ ကိုအောင်ကျော်မိုး၊ ကိုအောင်လွင်စိုးနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အားတက်သရောဝိုင်းဝန်းကူညီပေးကြပါသော ချစ်သူငယ်ချင်းများ၊ မင်္ဂလာအခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးပါသော ချစ်သူငယ်ချင်း ကိုအောင်ကျော်လင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ Western Park Royal ၌ ကျင်းပသော မင်္ဂလာညစာစားပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မမေသက်ထွန်း၊ မင်္ဂလာရှေ့တော်ပြေးအဖြစ် လျှောက်လှမ်းပေးပါသော မောင်ဇင်မောင်မောင်ဆွေ၊ Western Park Royal မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားများသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်တင်ဝင်းအောင်-မသွယ်သွယ်နိုင်

အောက်အသင်းများနှင့်တွေ့ပြီး ပွဲချောင်ကြမည့် မန်ယူနှင့် အာဆင်နယ်တို့ နောက်တစ်ဆင့် တက်ဦးမည်

လန်ဒန် ဖေဖော်ဝါရီ ၁၈

ဖေဖော်ဝါရီ ၁၉ရက်(ယနေ့ည)နှင့် ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) တို့တွင် ပရီမီယာလိဂ်ပွဲစဉ်များကို ရပ်နားပြီး အက်ဖ်အေဖလား ပဉ္စမအဆင့်နှင့် စတုတ္ထအဆင့်ပြန်ကန်ပွဲတို့ကို ကျင်းပမည်ဖြစ်သည်။

မန်ယူ-ခရော်လေတောင်း

ကားလင်းဖလားကို လက်လွှတ်ခဲ့ရသည့် မန်ယူသည် ပရီမီယာလိဂ်ဖလားကို ချိန်ရွယ်နေပြီဖြစ်သကဲ့သို့ အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း အမှားအယွင်းကင်းအောင် သတိထားကစားနေသည်။ ထို့ပြင် မန်ယူရင်ဆိုင်ရမည့်အသင်းမှာ အောက်တန်းက ခရော်လေတောင်းလို အသင်းငယ်မျိုးဖြစ်နေ၍ မန်ယူအတွက် ကံကောင်းလှသည်။ သို့သော် မန်ယူအသင်း ယခုပွဲပြီးလျှင် မာဆေးနှင့် ချန်ပီယံလိဂ်ပွဲနွှဲစရာရှိနေ၍ လူစုံသုံး၊ ခြေကုန်ထုတ်ဖွယ်မရှိပေ။ ထို့ကြောင့် အရန်အင်အားအများစုဖြင့် ပွဲထွက်လာမည့်မန်ယူ အနိုင်ရမည်ဖြစ်သော်လည်း ဂိုးပြတ်၊ မပြတ်ကိုဖြင့် စောင့်ကြည့်ရမည်ဖြစ်သည်။

လူတန်-အာဆင်နယ်

အောက်တန်းအသင်း လူတန်အနေဖြင့် ဤအဆင့်သို့ တက်ရောက်နိုင်ခဲ့သော်လည်း အထင်ကြီးစရာ မရှိပေ။ အာဆင်နယ်အနေဖြင့် ဘာစီလိုနာနှင့် ချန်ပီယံလိဂ် ပွဲကျပ်နွှဲခဲ့ရသော်လည်း လူတန်အသင်းနှင့်ဆိုလျှင် အစစအရာရာ ကွာဟမှုကြီးမားလွန်းလှသည်။ လူငယ်အများစုဖြင့်သာ ပွဲထွက်လာမည့် အာဆင်နယ်အဝေးကွင်းဖြစ်သော်လည်း လူတန်အသင်းအပေါ် အသာစီးက ကစားသွားမည်ဟုယူဆရသည်။

အက်ဖ်အေဖလား
ပဉ္စမအဆင့်ပွဲစဉ်များ

၁၉-၂-၂၀၁၁(စနေနေ့)

ည ၉း၃၀နာရီ

ဘာမင်ဂမ် - ရှက်ဖီးဝက်နက်စ်ဒေး

ည ၉း၃၀နာရီ

စတုတ်စီးတီး - ဘရိုက်တန်

ည ၁၁း၄၅နာရီ

မန်ယူ - ခရော်လေတောင်း

၂၀-၂-၂၀၁၁(တနင်္ဂနွေနေ့)

ည ၉း၃၀နာရီ

ဖူလ်ဟမ် - ဘော်လ်တန်

ည ၁၁နာရီ

လူတန် - အာဆင်နယ်

အက်ဖ်အေဖလား
စတုတ္ထအဆင့်ပြန်ကန်ပွဲ

၁၉-၂-၂၀၁၁(စနေနေ့)

ည ၇နာရီ

ချယ်လ်ဆီး - အဲဗာတန်

၂၀-၂-၂၀၁၁
(တနင်္ဂနွေနေ့)

ည ၈း၃၀နာရီ

မန်စီးတီး - နော့စ်ကောင်တီ

ဟန်သစ်

အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် မြန်မာတို့ ရွှေ(၃)ခု၊ ကြေး(၁)ခု စတင်ဆွတ်ခူး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရွှေဆုရ မြန်မာအမျိုးသား Compound အသင်း။

၂၀၁၁ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ယနေ့စတင်ကျင်းပရာ ပထမနေ့ပွဲစဉ်များအပြီးတွင် မြန်မာမြားပစ်အဖွဲ့က ရွှေတံဆိပ်သုံးခု၊ ကြေးတံဆိပ်တစ်ခု စတင်ဆွတ်ခူးရရှိသွားသည်။

မြန်မာမြားပစ်အဖွဲ့အတွက်ရွှေတံဆိပ်သုံးခုကို အမျိုးသားCompound အသင်းလိုက်အမှတ်ပေးပြိုင်ပွဲမှတစ်ခု၊ အမျိုးသမီး Compound အသင်းလိုက် အမှတ်ပေးပြိုင်ပွဲမှတစ်ခုနှင့်အမျိုးသမီး Compound တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှ အောင်ငိုမ်းက တစ်ခုတို့ ဆွတ်ခူးရယူပေးခဲ့ခြင်းဖြစ်သည်။ ကြေးတစ်ခုကိုမူ အမျိုးသား Compound တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှ ရဲမင်းဆွေက ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ကမ္ဘာ့မြားပစ်ထိပ်သီး ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အီရန်၊ အမေရိကန်၊ ပြင်သစ်တို့အပါအဝင်နိုင်ငံ ၂၁နိုင်ငံမှ ကစားသမား ၁၅၂ဦးဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၂၂ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (ကြေးမုံ)

Compound **အမျိုးသမီး အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ် ရရှိခဲ့သော မြန်မာ အမျိုးသမီး အသင်း။**

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်) စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြို့သစ်မြို့နယ်အသင်း (ရန်ကုန်)၏ (၇)ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ အသက် (၈၀)နှင့်အထက် အသင်းဝင်များ၊ ပညာရည်ချွန်ဆုပေးပွဲအတွက် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများနှင့် လျှုဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ဝင်း ဖုန်း-၆၉၅၆၄၂၊ အလုပ်အမှုဆောင်များဖြစ်ကြသော ဦးသာအောင် ဖုန်း-၆၄၁၆၇၉၊ ဦးတင်အောင် ဖုန်း-၅၆၁၇၇၁၊ ဦးမောင်ငြိမ်း ဖုန်း-၇၃၀၄၀၀၄၉၊ ဦးမောင်လှ ဖုန်း-၅၃၇၃၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပိုမိုရပ်ရွာ ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများ ပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများ ဆက်လက်ကျင်းပ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို

သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီး၌ သဘောတူညီချက်ရယူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို သဘောတူကြောင်းအတည်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပကြရာ အဆိုပါအစည်းအဝေးများတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏အမည်စာရင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းတို့ကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီချက်များဖြင့် အသီးသီး အတည်ပြုကြေညာခဲ့ကြောင်း သိရှိရသည်။

ကချင်ပြည်နယ်

ကချင်ပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော မြစ်ကြီးနားခရိုင် ဥပဒေရုံးမှ ဥပဒေအရာရှိ အဆင့်(၁) ဒေါ်မေရီမီနန်၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပြည်နယ်စာရင်းရုံး ညွှန်ကြားရေးမှူး အငြိမ်းစား ဦးညိုမိုင်း၏ အမည်စာရင်းတို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၅၀)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

ပထမအကြိမ် ကယားပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)